


# သာဓုတန်းက မနေပါနဲ့

မဟာမိတ္တရဟန်း

ဟောကြားသည့်နေ့
၁၃-၁၀-၅၆

၅၄

ကျေးဇူးတော်ရှင်မဟာထေရ်အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော သစ္စာလေးပါးတရားတော် အမှတ်စဉ်(၄၄)မှ
ထုတ်နုတ်ပုံနှိပ်ပါသည်။

0246

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ဟောကြားတော်မူသောတရားတော်

THITSARPARAMI LIBRARY
Date ........................

# သာရဝတန်းက မနေပါနဲ့

(မဟာမိတ္တရဟန်း)

ဟောကြားသောနေ့ (၁၃-၁၀-၅၆)

စာမူခွင့်ပြုချက် အမှတ် - ၅၉၃/၉၉ (၁၀)
အဖုံးခွင့်ပြုချက်အမှတ် - ၅၃၂ /၉၉ (၁၀)

**ထုတ်ဝေသူ** ဦးအောင်ချို၊ (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

**ပုံနှိပ်သူ** ဦးဝင်းအောင် (မြ ၀၅၁၃၁)၊
သန်းထိုက်ရတနာပုံနှိပ်တိုက်၊
အမှတ် ၈၄/၈၆၊ လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ ဟောကြားတော်မူသောတရားတော်

# သာခုတန်းက မနေပါနဲ့

## (မဟာမိတ္တာရဟာန်း)

ဟောကြားသောနေ့ - ( ၁၃-၁၀-၅၆ )

သမာဓိဆိုတာ ဒကာဒကာမတွေကို နှစ်ရက်ရှိပြီ ပြောထားတော့၊ သြော်-တစ်ခုသော အာရုံဆီသို့ တည်ကြည်မှုကို ဆိုတာကိုးလို့မှတ်ပါ (မှန်ပ့ါ) တည်ကြည်မှုကို ဆိုသည်။ အဲဒီ တည်ကြည်မှုလေးရှိပြီဆိုမှဖြင့် သတိလေးဟာလည်း အားရှိ လာတယ်၊ ပညာဟာ လဲ ထက်လာတယ်လို့ မှတ်ပါ။

**သမာဓိ တည်ကြည်ရင် သတိလေးလဲ အားရှိ၊ ပညာ ဟာလဲ ထက်တယ်။** အဲဒီတော့ နိဗ္ဗာန်သွားကြတယ် ဆိုလို့ ရှိရင်ဖြင့် ချမ်းသာခြင်းကို အလိုရှိလို့ မအိုမသေ အမြဲနေတဲ့ နိဗ္ဗာန်ကြီးကို ရောက်အောင် ဒကာဒကာမတွေ ရောက်လိုတယ်၊ သွားလိုတယ်၊ ဆင်းရဲခြင်းမှ ကျွတ်လွတ်လိုတယ်လို့ စိတ်ထဲမှာ

ပေါ်လို့ရှိရင်ဖြင့် သမာဓိ တည်ကြည်မှုရယ်၊ ဒီသတိ အားရှိမှုရယ်၊ ဒီပညာ ထက်မြက်မှုရယ် အရေးအကြီးဆုံးပဲဆိုတာ သေသေချာချာ မှတ်ကြပါ။ အင်မတန် အရေးကြီးပါတယ်။

အဲဒါတွေ သတိ၊ သမာဓိ၊ ပညာ ဒကာ-ဒကာမတွေကို တစ်ကိုယ်လုံး ကောင်းအောင်သာ အသုံးပြုကြပါ။ ဒါတွေပဲ အသုံးချကြရမှာပဲဆိုတာ မှတ်ကြစမ်းပါ။

## သမာဓိတည်ကြည်ရင်

ကောင်းပြီ၊ ဒါဖြင့် သမာဓိဆိုတဲ့ ဥစ္စာသည် သမာဓိ တည် ကြည်လာတယ် ဆိုလို့ရှိရင်ဖြင့် ခင်ဗျားတို့ စဉ်းစားကြည့် ခြင်ကိုက် တာလည်း မသိဘူး၊ ကြမ်းပိုးကိုက်တာလဲ မသိဘူး၊ အလုပ်တစ်ခု ကို စူးစူးစိုက်စိုက်သာ လုပ်ကြည့်ပါ။ ခြင်ကိုက်တာ မသိဘူး၊ ကြမ်း ပိုးကိုက်တာလဲ မသိဘူး၊ အိုက်တာကိုလဲ မသိဘူး၊ ဘာဖြစ်နေလဲ ဆိုရင် အလုပ်တစ်ခုအပေါ် စူးစိုက်နေလို့ ပြောနိုင်ပါတယ်။

အလုပ်တစ်ခုကိုသာ စူးစိုက်နေလို့ရှိရင်ဖြင့် ခြင်ကိုက်၊ ကြမ်းပိုး ကိုက်၊ နေပူ၊ လေပူ ဒါ တော်တော်နဲ့ သိရဲ့လား (မသိ ပါဘူး) အဲဒါ ဘယ်သူ့သတ္တိ ဆိုမလဲ (သမာဓိ သတ္တိပါဘုရား)။

ဒါတွေ ဘာဖြစ်လို့ မသိတာလဲ ဆိုလို့ရှိရင် တစ်ခုသော အလုပ်အပေါ် စူးစိုက်နေလို့ပဲဘုရား မဆိုထိုက်ဘူးလား (ဆိုထိုက် ပါတယ်ဘုရား)။

တစ်ခုသော အလုပ်ပေါ် စိုက်နေလို့ ဘုရားလို့ ဆိုနိုင်သလို၊ ဒီမှာလည်း ဒကာဒကာမတို့ ဘုန်းကြီးပြောတဲ့ ဝိပဿနာ ဝေဒနာပေါ်၌ ခင်ဗျားတို့ စိုက်သာနေမယ် ဆိုလို့ရှိရင်ဖြင့် ခင်ဗျားတို့ သန္တာန်၌ ညောင်းမှုလည်း မလာဘူး၊ ညာမှုလည်း မလာဘူး၊ ကိုက်မှုလည်း မလာဘူး၊ ခဲမှုလည်း မလာဘူး(မှန်ပ့ါ)။

ဝေဒနာ ဖြစ်ပျက်ပေါ်မှာသာ သမာဓိ တည်ကြည်အောင်သာထား ကိုက်လိမ့်မယ်၊ ခဲလိမ့်မယ်၊ ညောင်းလိမ့်မယ်၊ ညာလိမ့်မယ်ဆိုတာ မလာဘူး။

## သမာဓိအား ညံ့သွားရင်

သမာဓိ ညံ့လို့သွားတယ်ဆိုရင် ဟိုက ကိုက်သလိုလို၊ ဒီက ကိုက်သလိုလို ပြင်လိုက်ဦးမှ ထင်ပါရဲ့လိုလို၊ ဒေါ်အုန်းခင် ဒီလို လာတတ်တယ်၊ မကြည်တို့ လာတတ်တယ်၊ ဒေါ်ရွှေတို့ အဲဒီတော့ ကိုယ့်ဟာကိုယ် ဆုံးဖြတ်ချက်ချ၊ အလုပ်တရားကို ဟောနေတဲ့ အတွက် အလုပ်တရားသာ နားထောင်ကြပါ။

တို့သည် ဟိုပြင်ချင် ဒီပြင်ချင် ဟိုဟာကလေးက လာနှောင့်ယှက်၊ ဒီဟာကလေးက လာနှောင့်ယှက်နေတယ်။ အနှောင့် အယှက်တွေက များလွန်းလို့ လုပ်လို့ကို မဖြစ်နိုင်တော့ဘူး (မှန်ပ့ါ) ဘုန်းကြီးကလဲ ဝေဒနာပေါ် သမာဓိ တည်အောင်လုပ်ပြီး၊ ဉာဏ်ကလေးနဲ့ အပျက်မြင်အောင်ရှုပြီး

သတိကလေးထားလို့ ဆရာ ဘုန်းကြီးက ပြောတော့ပြောတယ်၊ တို့ဖြင့် **အနှောင့်အယှက်တွေက များလိုက်တာလို့ မဆိုပါနဲ့** (မှန်ပ့ါ)။

အဲဒါ ဒကာဒကာမတွေ ဘေးကို ရမယ်ဖွဲ့နေတယ်၊ **စင်စစ် သမာဓိ အား ညံ့လို့** (မှန်ပ့ါ) ရိပ်မိပလား (ရိပ်မိပါပြီ) ဘာညံ့နေလို့လဲ (သမာဓိ ညံ့နေလို့ပါဘုရား) အဲဒီတော့ ဘေးကို ရမယ်မဖွဲ့ကြပါနဲ့ဆိုတာဖြင့် အထူးပဲ မေတ္တာရပ်ပါတယ် (မှန်ပ့ါ) ဘေး ရမယ် မဖွဲ့ကြပါနဲ့လို့ အထူးပဲမေတ္တာရပ်ပါတယ်။

ခင်ဗျားတို့ ထိုင်နေတဲ့ ပုဂ္ဂိုလ်တွေ တော်တော်ကျင်တော့ ဒေါ်အုန်းခင်တို့ ဒကာသိုက်တို့ တော်တော်ကျင်တာ ကျင်စက နေပြီးသကာလ တော်တော်ကျင်လာတော့ ထ,မှပဲ ကျင်မှန်း သိတော့တယ်၊ မထ,နိုင်တော့ဘူး၊ ခြေကျင်နေလို့ဆိုတော့ ကျင်စကလေးက သူ မသိခဲ့ပါဘူး၊ တော်တော်ကျင်လို့ အားရှိရှိ လာတော့ကော (မသိပါဘူး)။ တော်တော်ကျင်လို့ ကြီးလာ တော့ကော (မသိပါဘုရား) မသိဘူး ဘာဖြစ်လို့တုံး ဆိုတော့ သူတစ်ခုခု အလုပ်လုပ်နေလို့ (မှန်ပ့ါ) ကိုင်း . . . မဆိုထိုက်ဘူး လား (ဆိုထိုက်ပါတယ်ဘုရား)။

အဲဒီကြားထဲ မင်းတို့က လောကီအလုပ် လုပ်နေတဲ့အခါ ကျတော့ မထ,နိုင်မှ သိတော့တယ်။ အဲဒါ သမာဓိ အားကြီးတဲ့ အလုပ်လုပ်တာ (မှန်လှပါဘုရား)။

ဒီမှာလည်း ဘုန်းကြီးတို့ လောကီမှာ သမာဓိ အားကြီးသလောက်၊ ဒေါ်အုန်းခင်တို့ ဒိပြင်အပေါ်၌ ဝေဒနာအပေါ်၌ သမာဓိအားကြီး လိုက်မယ်ဆိုလို့ရှိရင်ဖြင့်ကွာ၊ တခြားသော အာရုံတွေ အနှောင့်အယှက်တွေ လာတယ်ဘုရားလို့ ဆိုစရာ အကြောင်းမရှိဘူး (မှန်ပါ့) အဲဒီတော့ အခြားသော အာရုံတွေလာစရာ အကြောင်းမရှိဘူး၊ ဒကာဒကာမတို့ရ (မှန်လှပါဘုရား)။

## သူများရမယ်မဖွဲ့ကြပါနဲ့

တပည့်တော်တို့က လုပ်တော့ လုပ်တယ်ဘုရား သို့ပေမယ့် အနှောင့်အယှက်တွေက ခြင်က ကိုက်၊ ကြမ်းပိုးက ကိုက်နဲ့၊ အိုက် တာနဲ့ ဒိန်းဒိန်း၊ ဒိန်းဒိန်းနဲ့ ကြားရ ပြုရတာတွေက မသေးဘူးဘုရား (မှန်ပါ့) ဩော် . . . သူ့ဟာသူ ရမယ်ဖွဲ့တာပါလား စင်စစ်အားဖြင့် သူ့သမာဓိ ညံ့လို့ (မှန်ပါ့) ရိပ်မိပလား (ရိပ်မိပါပြီ)။

**သူများ ရမယ်ဖွဲ့ရင် ဘာဆိုကြမယ်** (သမာဓိ ညံ့လို့ပါဘုရား) အေး . . . သူများ ရမယ်ဖွဲ့လို့ရှိရင် ဘုန်းကြီးတို့ ဒကာဒကာမတွေ မှတ်လိုက်ပေတော့။ **သမာဓိ ညံ့လို့သာ မှတ်ပါ** (မှန်ပါ့)။

ဒါဖြင့် နောက်ကို ဒီနေ့ညဘုရား အနှောင့်အယှက်တွေက များလွန်းလို့ အချိန် တယ်မရဘူး၊ မရဘူးဘုရား

ဘုရားရှိခိုးတဲ့ အချိန်ကျလို့ ရှိရင်ဖြင့် အဖျက်တွေ သိပ်များတယ် ဘုရား၊ အဲဒါကြောင့် အချိန်တယ်မရဘူး ဆိုလို့ရှိရင်ဖြင့် ဒါ ဘုန်းကြီးတို့က ဆုံးဖြတ်ချက်ချပြီ၊ ဒီဒကာဒကာမတွေကို သမာဓိ မတည်ဘူး၊ သမာဓိ ညွှတ်တယ်။ မနေ့ကပြောတဲ့ သမာဓိန္ဒြေ မဖြစ်ဘူး မဆိုထိုက်ဘူးလား (ဆိုထိုက်ပါတယ်ဘုရား)။

အဲဒါ အနှောင့်အယှက်ကြောင့်လား ? မိမိ သမာဓိ ညွှတ်လို့ လား ? (မိမိသမာဓိ ညွှတ်လို့ပါဘုရား) မိမိ သမာဓိ ညွှတ်တာကို ဒေါ်အုန်းခင်ကြီးတို့က ရမယ်များ ဖွဲ့လိုက်သေးတယ်၊ တောင်က လိုလို မြောက်ကလိုလို ဟိုဘက်က လာလို့လိုလို၊ ဒီဘက်က လာလို့ လိုလို ဒေါ်ရွှေတို့က ပရိယာယ်က များပါဘိနဲ့ (မှန်ပါ့)။

## မိမိသမာဓိညွှတ်တာကိုသိပါ

စင်စစ်တော့ ဘယ်သူညွှတ်လို့လဲ (သမာဓိ ညွှတ်လို့ပါဘုရား) မိမိ သမာဓိ ညွှတ်တာ၊ မိမိညွှတ်တာကို တခြားရမယ်ဖွဲ့ပြီး စွဲချက် မတင်လိုက်ပါနဲ့လို့ ဘုန်းကြီးများက ပြောလိုက်ပါတယ်။

မိမိညွှတ်တာကို တခြား ရမယ်ဖွဲ့ပြီး စွဲချက် မတင်လိုက်ပါ နဲ့ ရပ်မိပလား (ရိပ်မိပါပြီ)၊ မိမိညွှတ်တာ သိပလား (သိပါပြီ) အဲဒီတော့ မိမိညွှတ်တာကို မိမိ ပဓာန ထားပြီး သိပါ (မှန်ပါ့)။

ကိုင်း . . . အဲဒီအချိန်ကျတော့ သမာဓိကို သတိထားပြီး သမာဓိညွှတ်တာကို ဒီတစ်ခါတော့ဖြင့် ဝီရိယနှင့် ယှဉ်ပြီးအားစိုက်

လိုက်တော့မယ်ကွ၊ ဒီသမာဓိကို တည်သထက် တည်အောင် ဆိုပြီး တစ်ဆင့် တိုးပြီးသကာလ ဒီတစ်ခါတော့ဖြင့် မပြေးရစေဘူးကွ၊ ဖြစ်ပျက်ပေါ်မှတစ်ပါး ဘယ်မှ မပြေးစေရဘူးကွလို့ အားစိုက်လိုက် ကြစမ်းပါ (မှန်ပါ့)။

## သူများရမယ်ဖွဲ့ရင် မိမိညံ့လို့

အားစိုက်လိုက်တဲ့ အချိန်ကျလာတော့ ဒကာဒကာမတို့ အနှောင့်အယှက်တွေကို သူကန်ထုတ်ပစ်လိုက်တဲ့အတွက် သမာဓိ အားရှိလာတဲ့ အချိန်၊ ဒကာစိန် သူကန်ထုတ်ပစ်လိုက်တဲ့အတွက် လာနိုင်သေးရဲ့လား (မလာနိုင်ပါဘူးဘုရား)။ ဒါဖြင့် ကနေ့ည ဟောတဲ့တရားမှာ သူများရမယ်ဖွဲ့တဲ့ ပုဂ္ဂိုလ်ဟူသရွေ့ မိမိညံ့မှုကို ရှောင်ကွင်းတဲ့သဘောသာ ဖြစ်တယ်။ ဒေါ်အုန်းခင်သူများ ရမယ်ဖွဲ့ရင် ဘာတုံး (မိမိညံ့မှုကို ရှောင်ကွင်းတဲ့သဘောပါဘုရား)။ မိမိညံ့မှုကို ဘာတုံး (ရှောင်ကွင်းတဲ့သဘောပါဘုရား)။ နောက်ကို ဒီလိုလဲ မရှောင်ပါနဲ့တော့။

ဪ . . . ဒီအညံ့ကို နောက်ဆက်ပြီးတော့ ဝီရိယရော၊ ပညာရော ဂရုစိုက်လိုက်မယ်၊ ဦးတိုက်လိုက်မယ်ဆိုရင် ဒကာဒကာမတို့ မရပေဘူးလား (ရပါတယ်ဘုရား) အဲဒီတော့ကို ယနေ့က စပြီး သူတစ်ပါးကို ရှောင်လွှဲပြီးသကာလ စွဲချက်မတင်လိုက်ပါနဲ့ဆိုတာ မတင်ရီ မပြောထိုက်ဘူးလား (ပြောထိုက်ပါတယ်ဘုရား) ဒကာသိုက် ပြောထိုက်တယ် (မှန်ပါ့)။

ဘူးပေါ့ဗျာ။ လျှော့ပေါ့လုပ်နေတော့ ခရီးမပေါက်ဘူး ဒေါ်အုန်းခင် ရဲ ဒေါ်ရွှေ (မပေါက်ပါဘူးဘုရား)။

သို့သော်လဲ သူရဲ့အကြောင်းအကျိုးက ဘယ်လိုဖြစ်လာသလဲဆိုတော့၊ နေ့တိုင်းဆွမ်းခံသွားရာမှာ ဒကာမကြီး တစ်ယောက်က သားအမှတ်နဲ့ကိုးကွယ်တယ်၊ (မှန်ပါ့) သားအမှတ်နဲ့ ကိုးကွယ်တယ်။

## မယ်တော်ကြီး၏ သဒ္ဓါတရား

ဆေးလေး၊ ဆွမ်းလေး (၁၁) နှစ်လောက် လောင်းပြီးနေတော့ သားအမှတ်နဲ့လဲ ကိုးကွယ်တော့၊ ဆွမ်း လွယ်လွယ်ကူကူ ရပြီးနေတာနဲ့ မှန်မှန်ပဲ အားထုတ်နေတယ်။ တစ်စ တစ်စ တက်လိမ့်မယ့်ဆိုပြီး မှန်မှန်ပဲ အားထုတ်တယ်။ ဆွမ်းခံပြန်လာလိုက်၊ အားထုတ်လိုက် ဒီလိုချည်းနေတာနဲ့ ခရီးမပေါက်ဘူး (တင်ပါ့ဘုရား)။

တစ်နေ့သဉ္ဇကျတော့ တစ်ခါတည်း ဆွမ်းခံ ထွက်ပြန်တယ်။ ဆွမ်းခံထွက်တော့ ခုနက သူ့မယ်တော်ကြီးကတော့ ဆွမ်းပြုစုနေတဲ့ ဒကာမကြီးမှာ သမီးတစ်ယောက် ရှိတယ်။ အဲဒါ မယ်တော်ကြီးက သူတောထဲမှာ တောင်သူယာလုပ် သွားမလို့အထွက်၊ ရဟန်းကလဲ သပိတ်ပိုက်ပြီး အိမ်နဲ့ မနီးမဝေးအရောက်၊ သူ့သမီးနဲ့ မအေနဲ့ စကားပြောနေတယ် (မှန်လှပါ)။

ဒီတရားမျိုး လုပ်ရတာ မလွယ်ဘူးလို့ မောင်ထွန်းလှိုင်တို့က ဆိုချင်သေးလား (မဆိုချင်ပါဘူးဘုရား)။

## ညံ့မှန်းသိလို့ ဘုန်းကြီးက ပြင်ပေးနေတာ

စင်စစ်တော့ ကိုယ်ညံ့တာ ဆရာသမားတို့က ညံ့မှန်းသိလို့ ပြင်ပေးတာ ဒကာစိန် (မှန်ပါ့) ဒီနေ့ အနှောင့် အယှက်တွေ တယ်များပါဘုရား၊ ဒီနေ့ အနှောင့်အယှက်တွေ တယ်များပါဘုရား သမာဓိကို မရဘူးဆိုတော့ သူ့ဟာ သမာဓိရိုးရိုး ဖြစ်နေတယ်၊ ဣန္ဒြေမထိုက်ဘူး (မှန်ပါ့ဘုရား) ဗိုလ်မထိုက်ဘူး၊ မဂ္ဂင်မထိုက်ဘူး (မှန်ပါ့) အဲဒါဖြင့် ဒကာဒကာမတို့ ရိပ်မိကြပလား (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ကိုယ့်ဖို့ကို ပြင်ပေးကြပါဆိုတာ ဘုန်းကြီးက ကူညီပေးလိုက်တယ် ကိုင်း . . . ဒီတစ်ခါ ကားသံကြားတယ်၊ သားတွေ သမီးတွေ ဆူသံကြားတယ်၊ မင်းတို့ ဆူသံ ပူသံတွေက သက်သက် မာရ်နတ်တွေပဲ၊ သက်သက် မာရ်နတ်တွေပဲ၊ မင်းတို့မာရ်နတ်တွေ မလာခဲ့နဲ့ကွ (မှန်ပါ့)။

ဒီတစ်ခါဖြင့် ဘယ်သူ့ကြောင့်မှ မလှုပ်ရအောင် တည်တည်တံ့တံ့ကိုပဲ ဣန္ဒြေထိုက်အောင် လုပ်လိုက်ဦးမယ်၊ ကြိုးစားပြီးတော့ လုပ်လိုက်ဦးမယ်၊ သတိထား လုပ်လိုက်ဦးမယ်ကွ ဘာကိုမှ ဂရုမစိုက်တော့ဘူးကွာ လို့ ပြင်လိုက်လို့ရှိရင်

တစ်ဆင့်တက်သွားတယ်။ မတက်ပေဘူးလား (တက်ပါတယ်ဘုရား)။

## သမာဓိမဂ္ဂင်ဖြစ်ရင်အပါယ်ပိတ်ပြီ

အေး . . . ဒါကြောင့် အလုပ်သင်တယ်၊ အလုပ်သင်တယ် ဆိုတာ ဒကာဒကာမတို့ ဟိုအလုပ်ပြီး ဒီအလုပ်သင်ရတာ မဟုတ်ဘူး။ သမာဓိလေးက သမာဓိကြီးဖြစ်အောင်၊ သမာဓိကြီးကနေပြီး သကာလ မဂ္ဂင်ဖြစ်အောင် သင်နေရတာ။

ဒီသမာဓိတစ်ခုလုံးကိုပင် ရိုးရိုးသမာဓိတစ်မျိုး (တင်ပါ့) ဣန္ဒြေထိုက်တဲ့ သမာဓိတစ်မျိုး၊ ဗိုလ်ထိုက်တဲ့ သမာဓိတစ်မျိုး၊ မဂ္ဂင် ထိုက်တဲ့ (တစ်မျိုးပါဘုရား) တစ်မျိုးဆိုတော့ ဩော် . . . **ကိုယ် မင်ဖိုလ် မရတာ ဘာကြောင့်ပါလိမ့်မတုံး ဆိုတော့ သမာဓိရိုးရိုး ဖြစ်နေလို့** (မှန်လှပါဘုရား)။ သမာဓိဣန္ဒြေ ဖြစ်နေလဲ နည်းနည်းနီးလာပြီ၊ သမာဓိဗိုလ် ဖြစ်လာလဲ ဒီထက်ပိုနီးလာပြီ၊ **သမာဓိမဂ္ဂင် ဖြစ်ရင်တော့ ခင်ဗျားတို့ အပါယ်တံခါး ပိတ်ပြီ။**

ဒါဖြင့် အဆင့်ဆင့် တက်ရမယ်ဆိုတော့ ဒီတစ်လုံးကိုပင်လျှင် အားထုတ်မှု ပိုပိုပေးရရှာသကိုး ဆိုတာဖြင့် ဆုံးဖြတ်ချက်ချကြပါ။ (မှန်ပါ့) **အားထုတ်မှု ပိုပိုပေးရတယ်** (မှန်လှပါဘုရား)။

(တပည့်တော် လျှောက်ပါရစေဘုရား၊ အဖန်ဖန် ပွားရတယ်ဆိုတာ ဖြစ်ပျက်ကနေပြီး ပြန်ရသလား ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခ ရောက်အောင် ပြီးမှ ပြန်ရသလား ဘုရား)။

## အဖန်ဖန်ပွားတယ်ဆိုတာ

အဖန်ဖန်ပွား ဆိုတာ ဒကာဒကာမတွေ ဥပမာ ဒကာစိန် အောက်က ဒုက္ခဝေဒနာ ပေါ်နေတယ်၊ ဒုက္ခဝေဒနာပေါ် နေတော့ ဒါလေးကို ဒကာစိန်က သမာဓိနဲ့ ဖြစ်ပျက်ကို စူးစိုက်ရမယ်၊ ပညာကလဲ အဲဒီဘက်ကို ဦးတည်ရမယ် (မှန်ပ့ါ)။

အဲဒီဥစ္စာ ဦးတည်ပြီး နေလို့ရှိရင်ဖြင့် ဝေဒနာက ပေါ် လိုက်၊ သူက ရှုလိုက်၊ သမာဓိ၊ ပညာက ရှုလိုက်ပေ့ါဗျာ၊ ဝေဒနာက ပေါ်လိုက် ပျက်လိုက်၊ ဝေဒနာက ပေါ်ပျက် လုပ်လိုက်၊ သမာဓိ ပညာက ရှုလိုက် (တင်ပ့ါ) ဒီလိုချည့်နေတာကို အဖန်ဖန်ပွားတယ် လို့ ဆိုတာ (မှန်လှပါဘုရား)။

အဲဒီလို အဖန်ဖန်ပွားတော့ ဒကာစိန် ဘာတက်ရ ဦးမှာ တုံးလို့ မမေးပါနဲ့တော့ ဖြစ်ပျက်သည်ပင်လျှင် ဒကာစိန်ရေ သမာဓိ၊ ဝီရိယ ရင့်လာလို့ရှိရင် ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခ၊ ဖြစ်လာ လိမ့်မယ် (တင်ပ့ါ)၊ ဖြစ်ပျက်ရှုရာက ပြောင်းသွားတာ ဖြစ်ပျက် ရှုရင်းမတ္တာနဲ့ ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခ ဖြစ်လာတာ (မှန်ပ့ါ)။

ဒါ မပြောင်းနဲ့ဦး။ ဒီအတိုင်းပဲ ဒီနေရာစိုက်ရှု စိုက်ရှုရင်း မတ္တာနဲ့ ဖြစ်ဒုက္ခ ပျက်ဒုက္ခ မြင်နေတဲ့ဥစ္စာ ဒီထက်ဉာဏ်က သမာဓိ ပညာက မဂ္ဂင် ဆိုက်လာပြီဆိုမှဖြင့် ဟာ သူတို့နှစ်ခုပဲ ဝိပရိဏာမ ဒုက္ခတွေပါလားလို့ သူ့ဟာသူ ပြောင်းသွားတယ်။ ကျုပ်တို့က မပြင် ရဘူးနော်။

## ဖြစ်ပျက်ပဲ အမှတ်ထားပါ

ဒကာစိန်တို့က အမှတ်ထားရမှာက ဖြစ်ပျက်ပဲ အမှတ်ထားရမယ် (တင်ပ့ါ) ဖြစ်ပျက်အမှတ် ထားရင်း သမာဓိပညာက ကြွန္တြေထိုက်လာတဲ့ အခါကျတော့ ဖြစ်ဒုက္ခ ပျက်ဒုက္ခ တက်လာလိမ့်မယ်၊ သူ့ဟာသူနေဘ် (တင်ပ့ါ)။

နောက် ဒကာစိန်ရ မဂ္ဂင်ဆိုက်လာတော့ ဘယ့်နှယ့်ဖြစ်မလဲ (ဝိပရိဏာမဒုက္ခ တက်လာမယ်ဘုရား) အင်း-ဒီအတိုင်း ဖြစ်ရမယ် ဝိပရိဏာမ ဒုက္ခဖြစ်လာလိမ့်မယ်၊ ဝိပရိဏာမ ဒုက္ခ ဖြစ်လာလိမ့်မယ် (မှန်ပ့ါ)။ အဲဒီလို အာရုံက ပြောင်းပြောင်း ပြောင်းပြောင်းသွားလိမ့်မယ်၊ ရိပ်မိပလား (ရိပ်မိပါပြီ)။

ပထမ ဒီဖြစ်ပျက် ပြမယ်။ နောက်ဖြစ်ပျက် ရှုမုန်းပြီး ငြီးငွေ့ ဖြစ်ပျက်ကပဲပြမယ်၊ နောက်ကျတော့ ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခလို့ အာရုံက ပြမယ်။ ဒကာစိန်က ပြင်မကြည့်နဲ့ ပြင်မကြည့်နဲ့ ဒီနေရာပဲ ကြည့်နေ၊ ဖြစ်ဒုက္ခ ပျက်ဒုက္ခ ပြလာလိမ့်မယ် (မှန်ပ့ါဘုရား)။

နောက်ကျတော့ ပြင်မကြည့်နဲ့။ ဖြစ်ဒုက္ခ ပျက်ဒုက္ခသည် ပင်လျှင် ဝိပရိဏာမဒုက္ခ ဖြစ်လာလိမ့်မယ် ဒကာ ဒကာမတို့ (မှန်ပ့ါ) အဲဒါ ဝိပရိဏာမဒုက္ခ ဖြစ်လို့ရှိရင်ဖြင့် သူက ဝိပရိဏာမ ဒုက္ခ ဒကာစိန်တို့ သမာဓိ ဝီရိယတို့က မဂ္ဂ လာဖြစ်မယ်။ ရိပ်မိပလား (ရိပ်မိပါပြီ)။

## ပညာနှင့် သညာ

ကိုင်း-ဒကာစိန်က အာရုံပေါ် မပြောင်းနဲ့ ဖြစ်ပျက်ဆီသာ တည့်နေ၊ သူ့ဟာသူ ဖြစ်ပျက်က အမျိုးမျိုး ပြောသွားလိမ့်မယ်။ ရိပ်မိပလား (ရိပ်မိပါပြီ)။ ကိုယ်က ပြင်ရမယ်လို့ သွားမယူကြနဲ့။ ကိုယ်က ပြင်ရမယ်လို့ သွားယူလို့ရှိရင်ဖြင့် ခင်ဗျားတို့ ဒီဥစ္စာ ဉာဏ်တက်တာ မဟုတ်ဘူး၊ သညာတက်တာ ဖြစ်သွားလိမ့်မယ်။ ဉာဏ်တက် မဖြစ်ဘူး၊ သညာတက် ဖြစ်သွားလိမ့်မယ်။ နားလည်ကြလား (နားလည်ကြပါပြီဘုရား) နားလည်ပြီနော် (တင်ပါ့)။

## ဝီရိယက ဓာတ်လိုက်

အဲဒီတော့ကို သမာဓိဆိုတဲ့ ဥစ္စာဟာ သူ့ချည်း သက်သက် တည်တယ် သမာဓိခြွေ ဆိုက်အောင်၊ သမာဓိ ဆိုက်အောင် ဆိုငြားသော်လဲ ယနေ့ မှတ်လိုက်။ ဝီရိယ အကူအညီ ရတဲ့သမာဓိခြွေ တစ်မျိုး၊ ဝီရိယအကြီးဆုံး အကူအညီရတဲ့ သမာဓိမဂ္ဂင် တစ်မျိုး။ အဲဒီတော့ ဝီရိယက နေရာတိုင်းမှာ ပင့်ပေးနေတာ ဒကာ ဒကာမ တွေ ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ဝီရိယက ရှိပြီးသား။ သမာဓိ ရှိုးရှိုးက ဝီရိယ အကူနည်းတယ်၊ သမာဓိခြွေဆိုတော့ ဝီရိယ နည်းနည်းရင့်မလာဘူးလား (လာပါတယ်) ရင့်လာတာ ကြာတော့ ဝီရိယ အကူများတယ်။ နောက်တစ်ခါ သမာဓိမဂ္ဂင် ဖြစ်တော့မယ်ဆိုရင်ဖြင့် ဝီရိယက ဒီထက် ပိုကြီးတယ်။

## ဝီရိယသုံးမျိုးကြောင့် သမာဓိသုံးမျိုး

အဲဒီတော့ သမာဓိက သုံးမျိုးပြားတာသည် ဘာကြောင့် သမာဓိ သုံးမျိုး ပြားရသလဲဆိုတော့ ဝီရိယသုံးမျိုး ပြားလို့ပြားတာ။ ဝီရိယ သုံးမျိုးပြားလို့ သမာဓိသုံးမျိုး ပြားသည်၊ ရှုမှတ်ပါ၊ ရှုမှတ်ပါ။

ဝီရိယသုံးမျိုးပြားတဲ့အတွက် (သမာဓိသုံးမျိုး ပြားပါတယ်ဘုရား) သမာဓိသုံးမျိုး ပြားတယ်ဆိုတော့ ဝီရိယက ဇာတ်လိုက်ပါလားဆိုတာ ပေါ်မလာဘူးလား (ပေါ်လာပါတယ်ဘုရား)။

ဝီရိယသည်ကား ဆိုရင်ဖြင့် ဣန္ဒြေ ထိုက်လာမယ်၊ ဒီထက် ပိုပြီး မင်းတို့ ဂရုစိုက်လိုက်ဦးကွဆိုပြီး ဂရုစိုက်လိုက်လို့ရှိရင် ဝီရိယက ဘာဖြစ်လာမလဲ (မဂ္ဂင် ဖြစ်လာမယ်) မဂ္ဂင် ဖြစ်လာမယ်။ ဒါ သေသေချာချာ မှတ်ကြပါ။

သာမည ဝီရိယ၊ အလတ်စား ဝီရိယ၊ အကြီးဆုံး ဝီရိယ (မှန်ပါ့) အဲဒီ ဝီရိယ ကြီးသလောက် သမာဓိ ကြီးပြီလို့ မှတ်လိုက်။ သမာဓိ ကြီးပြီလို့ မှတ်လိုက်၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

## ဝီရိယကြီးသလောက်ပညာကြီးတယ်

ဝီရိယ ကြီးသလောက် ဘာတုံး (သမာဓိ ကြီးပါတယ်ဘုရား) ဝီရိယ ကြီးသလောက် ပညာကြီးတယ်။ ဝီရိယ ဘယ်လောက် အရေးကြီးသလဲ (မှန်ပါ့) ကိုထွန်းရင် ဝီရိယ အတော်အရေးကြီးတယ်နော်။ အဲဒီတော့ ဒကာဒကာမတို့ ဝီရိယ

ဘယ်လောက် အရေးကြီးကြောင်းကော သိပလား (သိပါပြီ ဘုရား)။

သမာဓိ ရင့်ကျက်အောင်၊ ရင့်ကျက်အောင် ဆိုလို့ရှိရင် ဖြင့် ဝီရိယ အကူအညီပေါ် မှာ အကုန်မှီနေတာပဲ (မှန်ပါ့)။

ဝီရိယ အလွန့်အလွန် အားစိုက်ရင် သမာဓိသည်ပင် မဂ္ဂင် ဖြစ်လာတယ်။ ဝီရိယကလဲ မဂ္ဂင်ဖြစ်လာ၊ သမာဓိကလဲ မဂ္ဂင်ဖြစ်၊ ပညာကကောဗျာ (မဂ္ဂင်ဖြစ်ပါတယ်ဘုရား) အကုန် မဂ္ဂင်ဖြစ်ကုန်ရော။

ဝီရိယကြောင့် တစ်ခါတည်း ကြီးပွားပြီး သကာလ လိုရာခရီး ရောက်တယ်ဆိုတာ မောင်မြင့်တို့ နားထောင် ကြည့်တာပေါ့နော်။

## မဟာမိတ္တာရဟာန်း

ရှေးက ဘုရားလက်ထက်က ကဿကလိုဏ်ဂူဆိုတာ ရှိတယ်။ သာဝတ္ထိပြည်မှာ ကဿကလိုဏ်ဂူဆိုတာ ရှိတယ်။ အဲဒီ ကဿက လိုဏ်ဂူထဲမှာ ရဟာန်းတစ်ပါးဟာ တရားဓမ္မ ကြိုးစားနေ တယ်။ အရိယာ မဖြစ်သေးဘူး (မှန်ပါ့)။

ဒီလိုပဲ ဝေဒနာတွေရှု ခန္ဓာရှုနေတာပဲ၊ ဝေဒနာက္ခန္ဓာရှုနေ တာပဲ။ ရှုပင်ရှုငြားသော်လည်း ဘာမှ ခရီးမပေါက်ဘူး။ လျှော့ပေါ့ လုပ်နေတာကိုးကွ။ လျှော့ပေါ့လုပ်နေတော့ မတူတို့ ခရီးမပေါက်

## ဘုန်းကြီးလာရင်ဘာလောင်းရမှာတုံး

အမေ ဒီနေ့ ဘာလောင်းရမှာတုံး မောင်ဘုန်းကြီးလာရင် ဘာလောင်းရမှာတုံး? အေး . . . ဟိုနေရာမှာ ထောပတ်ရှိတယ်၊ ဟိုနေရာမှာ ပျားရည်ရှိတယ်။ အဲဒီ ထောပတ်တွေ ပျားရည်တွေနဲ့ ဘယ်လို၊ ဘယ်လိုလုပ်၊ ထောပတ်ကို ဘယ်ဟာနဲ့ ဘယ်ဟာ ကျော်။ ကောင်းပေ့ဆိုတဲ့ ဆန်ဆိုတာ ဘယ်အနားမှာ ရှိတယ်၊ အဲဒါကို ငါ့သားလာလို့ရှိရင် လောင်းပါ။

ဒါတွေ သူက ကြားတယ်။ ရဟန်း အိမ်နားရောက်လာပြီ ကောဇာ ကြားတယ်။ နောက်ကျတော့ အမေ ဒါဖြင့် အမေပြန် လာတဲ့ အချိန်ကျတော့ ဒါတွေ သံဃာတော် လောင်းလိုက်တဲ့ အခါ **အမေ ပြန်လာတော့ ဘာတွေ စားမလဲ?**။

## အမေပြန်လာတော့ဘာနဲ့စားမှာလဲ

အို . . . မနေ့ကကျန်တဲ့ ဆန်ကွဲထမင်း၊ ပုန်းရည်ကြီး ရှိတယ်။ အင်း . . အမေ့အတွက် **ညစာကို ဘယ့်နှယ်လုပ်ရမှာ တုံး**။ အိုးကြွင်း အိုးကပ်နဲ့ပဲ စားပါ့မယ်၊ ကိစ္စမရှိပါဘူး။ ငါ့အတွက် ကတော့ အထူးဂရုမစိုက်နဲ့။ ကျန်တဲ့ဟင်းနဲ့ ကျန်တဲ့ ဟာလေးနဲ့ပဲ သုံးဆောင် စားသောက်မယ်လို့ဆိုတော့ ရဟန်းက ကြားတယ် (မှန်လှပါဘုရား)။

ယောက်ျား မြတ်၊ တေ - အရှင်မြတ်ကို၊ နမော - ရှိခိုးခြင်းသည်။ အတ္ထိ - ဖြစ်ပါစေသတည်း အရှင်ဘုရား။ သူကနှစ်ဦးနဲ့ ရှိခိုးရမှာကိုး။

ယသ - အရှင်ဘုရား၊ ဧတေ - အာသဝေါတရားတို့သည်၊ ဟီနာ - ကုန်ပါပြီဘုရား။ အရှင်ဘုရား အာသဝေါ ကုန်သွားပြီ။ သဘောကျပလား (ကျပါပြီ)။

## မြတ်သောအလှူကိုခံထိုက်ပြီ

သူ့နတ်ကို ခေါ်လိုက်တယ်။ အကြင် မိတ်ဆွေနတ်တို့ ယခုကြွလာတဲ့ ယခုအားထုတ်မှု ပြီးဆုံးတဲ့ ကိုယ်တော်သည် မြတ်သော အလှူကို ခံထိုက်သည် ဖြစ်၏။ အခုမှ မြတ်သော အလှူကို ခံထိုက်တယ် (မှန်ပါ့ဘုရား)။

အခုမှ  အလှူခံထိုက်တယ် အို ဒကာမကြီးက သူက တော့ဖြင့် မတော်အောင်စားပြီး၊ အထက်ပုဂ္ဂိုလ်ကို ဒီလိုလှူမယ် ဆိုတာ အခုမှ အလှူခံထိုက်တယ်။ နတ်က နတ်ကပြောတယ် (မှန်ပါ့) ဂူဒေါင့်မှာ ပေါက်နေတဲ့ သစ်ပင်စောင့်နတ်က တစ်ခါတည်း ထွက်လာတယ်။ အရှင်ဘုရား ဆွမ်းခံချိန် ရှိသေးတယ် ကြွပါဘုရားလို့ လျှောက်တယ် (မှန်ပါ့ဘုရား)။

## ဒီဆွမ်းသာမညစားလို့မဖြစ်ဘူး

ရဟန်းက ဒီအနားရောက်လာပြီ ဆိုတော့ ဝါးနှစ်ရိုက် သုံးရိုက်ကွာဆိုတော့ ကြားတယ်၊ ကြားတော့ ဪ . . . သူ ကိုယ်တိုင်ကတော့ ဆန်ကွဲထမင်းဟင်းနဲ့ စားမယ်၊ ဆန်ကွဲ ဆန်ညှာတွေ ချက်စားမယ်၊ ကျန်တဲ့ ဟင်းအိုးကပ် ဒါနဲ့ ပြီးအောင် လုပ်မယ်၊ ငါ့တော့ သားအမှတ်နဲ့ တစ်ခါတည်း ထောပတ် ချက်လဲပါတယ်၊ ပျားသကာလဲပါတယ်၊ ဒါချက်ပြီး လောင်းလိုက် လို့ မှာနေတာ ကြားတယ် (မှန်ပ့ါ)။

ဒီဆွမ်း သာမည စားလို့မဖြစ်ဘူး၊ ဒီဆွမ်း ပုထုဇဉ်အဖြစ်နဲ့ စားလို့ရှိရင် အဆိပ်စားမိသလို ဖြစ်လိမ့်မယ် (မှန်ပ့ါဘုရား)။

## လေးမဂ်စလုံးမှမရရင်မထတော့ဘူး

ဟိုက သဒ္ဒါက သိပ်ထက်သန်တယ်၊ သဒ္ဒါထက်တယ် ဆိုတော့ ပုထုဇဉ် ရဟန်းအဖြစ်နဲ့ စားလိုက်လို့ရှိရင် လောဘ၊ ဒေါသ၊ မောဟနဲ့ စားမိလို့ရှိရင်ဖြင့် ကိုယ့်မှာ သံတွေခဲ စားရသလို ငါ ဒုက္ခကြီး လှလှရချေရဲ့ဆိုပြီးသကာလ သူ့ကိုယ်သူ စဉ်းစား တယ်၊ သပိတ်ပိုက်ပြီး ဆွမ်းခံလာတဲ့ဥစ္စာ ဒေါ်သန်းရေ ပြန်ပြီး ကျောင်းပြန်တယ် (မှန်ပ့ါ)။

ကျောင်းပြန်ပြီးသကာလ သူ့လိုဏ်ဂူထဲ သူပြန်ဝင်တယ်၊ ဒီနေ့လေးမဂ်စလုံးမှ မရလို့ရှိရင် မစားတော့ဘူး၊ မထတော့ဘူး၊

**ဒီဆွမ်း သာမညနဲ့ စားထိုက်တဲ့ဥစ္စာ မဟုတ်ဘူး။ အရိယာမှ စားထိုက်တဲ့ ဆွမ်းဖြစ်နေတော့ အရိယာဖြစ်အောင် ကြိုးစား တော့မယ် မထတော့ဘူး၊** အရိယာဖြစ်အောင် ကြိုးစားတယ်။ ဒီလို မလာဘူးလား (လာပါတယ်ဘုရား) မထဘူးဆိုပြီး အဓိဋ္ဌာန် ချလိုက်တယ်။

ဒေါ်အုန်းခင်ရေ မထဘူးတဲ့။ ရိပ်မိကြပလား (ရိပ်မိပါပြီ) ခင်ဗျားတို့ကတော့ မထဘူးဆိုတာ တယ်လာခဲတယ် (မှန်ပါ့ ဘုရား)။

## ဝီရိယပြင်းထန်တော့ပညာထက်လာတယ်

ဩော် . . . ဒေါ်အုန်းခင်တို့ အားလုံးက မထဘူးဆိုတဲ့ စိတ်ဟာလဲ၊ **မရမထဘူးဆိုတဲ့ စိတ်ဟာလဲ ဝီရိယ ပြင်းထန်တော့ သမာဓိလဲ ထက်လာတယ်၊ ပညာရော (ထက်လာပါတယ်)။**

အေး . . . ဒါကြောင့် ဝီရိယ အကူအညီရမှ သမာဓိတွေ လည်း ပိုမို အားရှိတယ်။

အဲဒီတော့ ခုနက ရဟန်းက တစ်ခါတည်း ပထမ ဒကာစိန် ပြောတဲ့ ဖြစ်ပျက်ကိုရှုတယ် (မှန်ပါ့) သမာဓိတွေကော။ ဝီရိယ တိုးတက်ပြီး ရှုလိုက်တော့ ဖြစ်ဒုက္ခ ပျက်ဒုက္ခတွေ ရောက်လာတယ်၊ နောက် ဒီထက် တိုးလိုက်တယ် (မှန်ပါ့)။

ဒီထက် တိုးပြီး ဉာဏ်နဲ့ သမာဓိနဲ့ ပညာနဲ့ တိုးလိုက်

ပြန်ရော။ တိုးလိုက်တဲ့အခါကျတော့ ဟိုက ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခ မဟုတ်တော့ဘူး။

ဝိပရိဏာမ ဒုက္ခသစ္စာ ဆိုတဲ့ ဒုက္ခသစ္စာ လက္ခဏာ ပေါ် လာတယ်။ ဝေဒနာလေးက ဒုက္ခသစ္စာလက္ခဏာ ပေါ်လာတယ်။ ဖြစ်ပြီး ပျက်သွားတဲ့ လက္ခဏာလေးပေါ့ (မှန်ပါ့)။

## မဂ်ရတယ်ဆိုတာတခြားမဟုတ်ဘူး

အဲဒီ လက္ခဏာလေးနဲ့ ဉာဏ်နဲ့လဲ တည့်လာရော တစ်ခါတည်း မဂ်ရတယ်၊ မဂ်ရတော့ **မဂ်ရတယ်ဆိုတာ တခြားမဟုတ်ပါဘူး။ ဟိုဉာဏ်နဲ့ ဒီဉာဏ် တည့်တာ မဂ်ပဲဗျ** (မှန်ပါ့)။

**ဖျတ်ဆိုလေးပဲ။ ဝိပရိဏာမ ဒုက္ခတွေလဲ ချုပ်သွားရော တစ်ခါတည်း နိဗ္ဗာန်မြင်ဆိုတော့** ဒုက္ခ၏ အဆုံးဖြစ်တဲ့ နိဗ္ဗာန်ကြီး ပေါ်လာတယ် (မှန်ပါ့)။

ဆက်ပြီး ကြိုးစားတော့ ဆုံးတာ မြင်အောင် ပြန်စရတယ်။ ဝေဒနာ ဖြစ်ပျက်ကနေ ပြန်စတယ်။ ကြိုးစားရင်းပဲ ဆိုပြီး ဆက်ပြီး ကြိုးစားပြန်တော့ ဖြစ်ဒုက္ခ ပျက်ဒုက္ခ တက်လာရော တော်တော်ကြာ ကျတော့ ဒီထက်ပိုပြီး ကြိုးစားလိုက်မယ် ဆိုတော့ **ဝိပရိဏာမ ဒုက္ခ မြင်ပြီး မဂ်ဝင်လာပြီး တစ်ခါတည်း နိဗ္ဗာန်အာရုံပြုလိုက်တာပဲ** ဝိပရိ ဏာမ အဆုံးမှာ နိဗ္ဗာန်တွေ့တယ် (မှန်ပါ့)။

## နှစ်မက်ရပြီ ထပ်ပြီးကြိုးစားဦးမယ်

အဲဒီတွင် သစ္စာလေးပါး ထင်လိုက်ပြန်တယ်၊ နှစ်ခါရှိပြီ မရသေးဘူး ကြိုးစားဦးမယ်၊ လေးမဂ်ရမှ သူဆွမ်းစားမှာကိုးကွ (မှန်ပ့ါ)။

အမယ်လေး တကယ့် ကိုယ်တော်ပါပဲလို့ (မှန်ပ့ါ) ဒကာ သိုက်ရေ **သာဓုတန်းက မနေနဲ့နော်** (မှန်လှပါဘုရား)။

## သာဓုတန်းက မနေကြနဲ့

သာဓုတန်းကတော့ မနေနဲ့။ ကိုယ်လဲ ဒီအတိုင်း လုပ်ရမယ်။ (မှန်ပ့ါ) နို့မို့ရင် သာဓုခေါ်ပြီး ပြန်သွားမှာစိုးတယ် (မှန်ပ့ါ) ဟုတ်လား။ ဒီအထဲ သာဓုခေါ်ပြီး ပြန်မည့်သူ ပါသေးလား (မပါပါဘူးဘုရား၊ ကြိုးစားလုပ်ပ့ါမယ်ဘုရား)။

အေး . . . သာဓုခေါ်ပြီး ပြန်သွားမှာ စိုးတယ်။ တချို့ ဒကာ ဒကာမတွေက သူများ တော်တာတွေ တွေ့တော့ ဟာ - တော်လိုက်တာ သာဓု၊ သာဓု၊ သာဓုဆိုပြီး ကိုယ်မလုပ်ဘူး။ ပြောပြတာ (မှန်ပ့ါ ဘုရား) ရိပ်မိပလား (ရိပ်မိပါပြီ)။

ဒီနေ့ ဘယ်လို ပြန်ကြမှာလဲ (သာဓု မခေါ်ပါဘုရား) သာဓု မခေါ်ဘူး၊ ကိုယ်ကိုယ်တိုင် ကိုယ့်ကို သူများက သာဓု ခေါ်အောင် ကျင့်မယ်၊ ကိုယ်က သူများကို မခေါ်ဘူး။ **ကိုယ့်ကို သူများက ခေါ်ရအောင် ကျင့်မယ်။** ဒီလိုနေမှ ဟန်တော့မပေါ့

(မှန်ပ့ါ)။ ခင်ဗျား တို့ သာမှုကိုလဲ ကျုပ်က မုန်းပါတယ် ဟုတ်လား (မှန်ပ့ါ)။

သူများတွေ မင်္ဂဖိုလ်ရတယ်ဆိုရင် အင်း . . . တော် လိုက်တာ၊ မိကောင်းဖခင် သားသမီး ပီလိုက်တာ၊ သံသရာ အရေး မျှော်တွေးပြီးသကာလ အင်မတန်မှ အမြော်အမြင်ကြီးပါ ပေတယ်၊ သာမှု ခေါ်လိုက်တာ တချို့ဖြင့် မဆုံးနိုင်ဘူး (မှန်ပ့ါ)။

ဒါပြန်တော့မယ်ဆိုတာ သေချာပြီ သူမလုပ်တော့ဘူးဆို တာ ကတော့ (သေချာပါပြီ) သေချာပလား (သေချာပါပြီဘုရား) ဒီလိုများ ခေါ်ဖူးခဲ့သလား ဒေါ်အုန်းခင် (ခေါ်ဖူးပါတယ်ဘုရား)။

## သူများက သာမှုခေါ်ချင်အောင်ကျင့်ပါ

ဒကာဒကာမတွေ သူများကို သာမှုခေါ်မလား၊ ကိုယ် ကိုယ်တိုင် သာမှု ခေါ်ထိုက်အောင် လုပ်မလား (ကိုယ်တိုင် သာမှု အခေါ်ခံထိုက်အောင် လုပ်ပါမယ်ဘုရား) အဲဒီကျမှ အမှန်နော် (မှန်ပ့ါ)။

ဒကာသိုက်ရေ ဘယ်လို လုပ်ကြမှာတုံး (ကိုယ်ကိုယ်တိုင် သာမှု ခေါ်ခံနိုင်အောင် လုပ်ရမယ်ဘုရား) **ကိုယ်ကိုယ်တိုင် သာမှု ခေါ်ထိုက်အောင်၊ သူများက ကိုယ့်ကို သာမှုခေါ်ချင်အောင် လုပ် ရမယ်။** သူများကို ကိုယ်ကခေါ်နေရင်ဖြင့် ကိုယ်နောက်ဆုတ်တဲ့ သဘောပဲ သက်ရောက်တယ် (မှန်လှပါဘုရား)။

ဘုန်းကြီးတရား ပြီးတဲ့နောက် လူအများ သာဓု မခေါ်ကြဘူးလားဗျာ။ (အဲဒီကဲ့သို့ ဘုန်းကြီးအတုယူပြီး သကာလ ဒီအဖြစ် မျိုးဖြစ်အောင် ကြိုးစားပါ့မယ်ဘုရား)။

ကြိုးစား ဒီအတိုင်းပေါ့။ အခု ကိုယ်တော် အတိုင်း ပေါ့ဗျာ၊ အခု ကိုယ်တော်အတိုင်း ကြိုးစားရမယ်။

## ရဟန္တာဖြစ်သွားပြီ

ဒါနဲ့ပဲ စတုတ္ထမဂ် ကျအောင်ဆိုတော့ မဂ်ကုန်ရောပေါ့ဗျာ။ ဒကာစိန် မဂ်လေးမဂ်ရတယ်။ လေးမဂ်ရတဲ့အခါကျတော့ သူ မနက်က ဆွမ်းခံကြွတဲ့အချိန်။ ခုနစ်နာရီက တစ်ခါတည်း သူဂူပေါက်ပိတ်ပြီး အားထုတ်နေတာ လိုဏ်ဂူပေါက်ဖွင့်လိုက်တဲ့အခါကျတော့ ရှစ်နာရီလောက်ရှိပြီ၊ တစ်နာရီနဲ့ လေးမဂ်ရတယ်။ တစ်နာရီနဲ့ လေးမဂ်ရတော့ သူ့ဂူဒေါင့်မှာ ပေါက်နေတဲ့ သစ်ပင်စောင့်နတ်က သိတယ်၊ ဒီကိုယ်တော် အတော်ခရီးပေါက်ပြီ၊ အတော် ခရီးပေါက်ပြီ၊ ရဟန္တာ ဖြစ်သွားပြီဆိုပြီး သူက ဂါထာလေးစပ်တယ်။

## သစ်ပင်စောင့်နတ်ကရှိခိုးတယ်

ပုရိသော - ယောကျာ်းပညာရှိ၊ တေ - အရှင်မြတ်ကို၊ နမော - ရှိခိုးပါ၏။ နတ်က ရှိခိုးလိုက်တယ်။ ပုရိသော -

## အရိယာ၏ ထူးခြားချက်

ဒကာ-ဒကာမတွေ ခုနက မဂ်တရားကတော့ ထူးလဲ ထူးပါ ပေတယ်။ ဘယ်လို ထူးသလဲဆိုတော့ အသားက ထန်းသီးမှည့်လို တက်လာတယ်။ အရိယာ ဖြစ်တဲ့ ပုဂ္ဂိုလ် (မှန်ပါ့) ထန်းသီးမှည့်ဆို တဲ့ ဥစ္စာသည် ထန်းသီးမှည့်တော့ ဒကာသိုက်တို့ မြင်ဖူးပါလိမ့်မယ်။ ထိပ်နားက ဝါနေတယ်။ အေး . . . ထန်းသီးမှည့် ပမာကဲ့သို့ အသားအရေတွေ ဝါကျင့်ကျင့် ဖြစ်လာတယ်။ ရိပ်မိပလား (ရိပ်မိပါပြီ)။

## အသားအရေကထန်းသီးမှည့်ပမာ

အရိယာဖြစ်လာလို့ရှိရင်ဖြင့် ထန်းသီးမှည့်ကဲ့သို့ ဝါကျင့်ကျင့် ဖြစ်လာတယ်။ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယတို့ဟာ ငြိမ်နေတယ်၊ ရိပ်မိပလား (ရိပ်မိပါပြီ)။ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယတို့က ဘာဖြစ်သလဲ (ငြိမ်နေပါတယ်) ငြိမ်ပြီး အသားအရေကတော့ ဘာဖြစ်သလဲ (ထန်းသီးမှည့်ကဲ့သို့ ဝါကျင့်ကျင့် ဖြစ်ပါတယ်ဘုရား) ထန်းသီးမှည့် ပမာကဲ့သို့ ဖြစ်တယ်။

ဘယ်လိုပဲ ဟိုက ချွတ်ချွတ်၊ ဒီက ချွတ်ချွတ်သူက ခြေလှမ်းမပျက်ဘူး။ ခပ်ဖြေးဖြေး ခပ်မှန်မှန် သွားလေ့ရှိတယ်။ ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

သောတာပန်ဖြစ်ရင် ထောင့်ငါးရာ ကိလေသာတွေဟာ လေးပိုင်း တစ်ပိုင်း ငြိမ်းတယ်။ ရဟန္တာဖြစ်ရင် အကုန်ငြိမ်းတယ် ဆိုတော့ အေးမလား မအေးဘူးလား (အေးပါတယ်ဘုရား)။ အပူခတ် ငြိမ်းတော့ ဘာဖြစ်မယ် ထင်သလဲ (အေးပါတယ်)။

## နှလုံးကိုငြိမ်းအေးခြင်းလက္ခဏာ

နှလုံးကို ငြိမ်းအေးခြင်းလက္ခဏာ ရှိတယ်။ မဂ်က မဂ္ဂသစ္စာလာရင် နှလုံးအေးရမယ်၊ ဒေါ်အုန်းခင် သေသေချာချာ မှတ်နော်။

မဂ္ဂသစ္စာ မဂ်စစ်လာရင် ဘာဖြစ်ရမလဲ (နှလုံးအေးရ ပါမယ် ဘုရား)၊ နှလုံးအေးရမယ်တဲ့ နှလုံးအေးသွားမယ် (မှန်ပါ့) အဲဒီ အေးတာလေးသည်ကား ဆိုရင် ဒကာ-ဒကာမတို့ ကိလေသာ အပူမီးငြိမ်း၍ အေးသည် (မှန်ပါ့)

## ခတ်တော်တွေကျလာမယ်

ကိလေသာ အပူမီးငြိမ်းလို့ အေးသည်၊ ဒါကြောင့် မသာ ကိစ္စ လှုချင်လို့ရှိရင် ခင်ဗျားတို့ ဒီအလုပ်ကိုလုပ်ပါ၊ ဒီထက်ပိုပြီး ကြိုးစားလိုက်လို့ ရဟန္တာအဖြစ်ကို ရောက်မယ်ဆိုရင် မသာ မဟုတ် တော့ဘူး၊ သူများကိုးကွယ်ရာဖြစ်မယ်၊ ခတ်တော်တွေ ကျလာလိမ့်မယ် (တင်ပ့ါဘုရား)။ သူများတံတွေး ထွေးတဲ့ အဆင့်

အသားအရေက ထန်းသီးမှည့်ပမာကဲ့သို့ အခုဖြူနေတဲ့ ပုဂ္ဂိုလ်သည် ဝါကျင့်ကျင့် လာရတော့မယ်။ မည်းတဲ့ပုဂ္ဂိုလ်သည် ရဟန္တာဖြစ်လာတော့ မည်းပေမယ့်လဲ မည်းပြီးသကာလ သူက ပြေပြေပြစ်ပြစ်နဲ့ ကြည့်ကောင်းတဲ့ အဓိပ္ပာယ် ရောက်ရမယ်။ ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။ အဲဒီကဲ့သို့ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ မျက်လုံး၊ နား၊ နှာခေါင်း၊ လျှာ ဒါတွေကလည်း အတော်တည်ငြိမ်ပြီးသကာလ လာတယ်။

အဲဒီလို တည်ငြိမ်ပြီး နေရာက ထွက်ကြည့်လိုက်တဲ့အခါ စောသေးတယ်လို့ နတ်ကလဲ ပြောတယ်။ ငါကိုယ်တိုင် ကြည့်လိုက်တော့လဲ နေက အစောချည်း ရှိသေးတာပဲ ဆိုပြီး သကာလ သပိတ်၊ ပရိက္ခရာတွေကိုလဲပြင် တန်းပေါ်က သင်္ကန်းကို ကပ္ပာကယာယူပြီး ကျည်တောက် ဆွဲပြီးလာတယ်။

## ရဟန်းဣန္ဒြေတည်ငြိမ်တယ်

သမီးကလည်း မောင်လာခဲတယ်။ ယနေ့ နာရီ နောက်ကျတယ်ဆိုပြီး ပြူတင်းပေါက်က လာလမ်းကို ထွက်မျှော်တော့ သူက အင်း ခါတိုင်းလာပုံနဲ့လည်း မတူဘူး ကလေးမလေးက၊ရဟန်းဣန္ဒြေတွေလည်း သိပ်ရတယ်၊ အသားအရေတွေလည်း ပြောင်းလာတယ်။ အင်း - ငါ၏ မောင်တော်တော့ဖြင့် တရားထူး တရားမြတ်တွေရများ ရနေပြီလား? မရဘူးလား ? သူတော့ ဘယ်သိမလဲ (မှန်ပ့ါ)။

ခါတိုင်းနဲ့ မတူတာတော့ သိတယ်။ ခါတိုင်းနဲ့ မတူတာတော့ သူသိတယ်။ အဲဒီကဲ့သို့ လာတာနဲ့ တစ်ခါတည်း ဆွမ်းလောင်းတယ်။ ကလေးမလေးက ဆွမ်းလောင်းပြီး အမေမှာခဲ့တဲ့အတိုင်း ကြော်လျော်ပြီး သကာလ ဆွမ်းလောင်းတဲ့အခါ ဟိုကလဲ ဆုပေးတယ် ဟုတ်လား (မှန်ပါ့)။

## ချမ်းသာခြင်းဖြစ်စေသတည်း

**'သုခိ တေ ဟောတု'** ။ တေ - သင့်အား၊ သုခိ - ချမ်းသာခြင်းသည်၊ ဟောတု - ဖြစ်ပါစေသတည်း။ **ချမ်းသာခြင်း ဖြစ်စေသတည်း**ဆိုပြီး ကြွသွားတာပဲ သူ့ဂူသူ ပြန်ခဲ့တာပဲ။

သူ့ဂူသူ ပြန်သွားတဲ့ အခါကျတော့ အမေကြီးကလဲ ဆယ်နာရီ လောက်ကျတော့ သူတောထဲက ယူသင့်တာယူ၊ ခုတ်သင့်တာခုတ် ပြီးသကာလ တောသူတောင်သားအတိုင်း ပြန်လာတာပေါ့ဗျာ (မှန်ပါ့)။

## ငါ့သားကျန်းကျန်းမာမာရှိရဲ့လား

ပြန်လာပြီး သူက ဒိပြင်ဟာ မမေးဘူး၊ ဟေ့ ငါ့သား ကြွလာသလား? ကြွပါတယ်၊ ကြွလာတော့ လောင်းလိုက်ကဲ့လား? လောင်းပါတယ် ဘာများ ပြောသေးသလဲ? ဘာမှ မပြောပါဘူး။ သူ ဘယ့်နှယ်နေသတုံး ကျန်းကျန်းမာမာ ရှိရဲ့လား?။

အမလေး ခါတိုင်းလို မဟုတ်ဘူး၊ ခါတိုင်းနဲ့ မတူဘူး။

မျက်လုံးတွေကလည်း အင်မတန် တည်ကြည်တယ်၊ နားတွေကလဲ အင်မတန် တည်ကြည်တယ်။ အသားအရေကလည်း ထန်းသီးမှည့် ပမာကဲ့သို့ပဲ တစ်ခါတည်း အင်မတန် ပြေပြေပြစ်ပြစ် ရှိတယ်၊ လှုပ်ရှားခြင်း ဘာမှမရှိဘူး။

## ငါ့သားရဟန္တာဖြစ်ပြီ

ဒကာမကြီးက ရိပ်မိတယ်။ ဟာ ဒါဖြင့် ငါ့သား ရဟန္တာဖြစ်ပြီ သာသနာမြဲပြီ၊ ဘာမှ စိုးရိမ်စရာ မရှိတော့ဘူး ဆိုပြီး ဒကာ မကြီးဟာ အင်မတန် ဝမ်းသာသွားတယ်၊ ရိပ်မိပလား (ရိပ်မိပါပြီ)။

အဲဒီတော့ အခုနက ပုဂ္ဂိုလ်မှာ ဒီဒကာမကြီးတွေရဲ့ ပြောဆိုသံ ကြားသဖြင့် ခုနက လျှုတဲ့ ဆန်ကွဲထမင်း၊ ပုန်းရည်ဟင်းနဲ့ အိုးကပ် ဖင်ကပ်နဲ့ စားပြီး ငါ့သား လာလို့ရှိရင် ထောပတ်၊ ဆီဦး၊ ပျားသကာတွေ ဘယ်နေရာမှာ ရှိတယ်။ ငါ ဆန်ကွဲ စားမယ်။ သူ့ကို ကောင်းပေ့ဆိုတဲ့ ဆန်နဲ့ ချက်ပြုတ်ပြီး ယူလောင်း ဆိုတော့ ငါ သာမညနဲ့ မစားထိုက်ဘူး။ အရိယာဖြစ်မှ စားထိုက်တယ်ဆိုပြီး တစ်နာရီပဲ ကြိုးစားလိုက်တာ မောင်ထွန်းလှိုင် တစ်နာရီနဲ့ပြီးတယ် (မှန်ပ့ါ) ဝီရိယ ပြင်းထန်တာ ရိပ်မိပလား (ရိပ်မိပါပြီ)။

အဲဒီတော့ ဒကာ - ဒကာမတို့ ခင်ဗျားတို့ ဝီရိယ ပြင်းထန်ရင် သမာဓိ အားရှိတယ် ဆိုတာကော ယုံကြည်ပြီလား (ယုံကြည်ပါပြီဘုရား)။ ပညာကျွမ်းကျင်မယ် ဆိုတာကော (ယုံကြည်ပါပြီဘုရား)။

## လယ်မြေကောင်း

အေး . . . အခု ကိုယ်တော်က ကဿကဂူမှာ နေသော မဟာမိတ္တရဟန်း (မှန်ပါ့) မဟာမိတ္တရဟန်း ရိပ်မိပလား (ရိပ်မိပါပြီ) ဂူက ကဿကဂူ၊ အားထုတ်တဲ့ပုဂ္ဂိုလ်က မဟာမိတ္တရဟန်း (မှန်ပါ့ဘုရား)။

ကြည့်စမ်း။ သူများ ဆွမ်း၊ ကွမ်းတွေကို တော်အောင်တော့ မစားဘူး။ ဒကာ-ဒကာမတွေ လယ်ကောင်း၊ မြေကောင်းမှတ်ပြီး ဒီအပေါ်မှာ မျိုးစေ့စိုက်တယ်။ လယ်မကောင်းရင် မစားသေးဘူးကွ၊ အရိယာလယ်ဖြစ်အောင် လုပ်တယ်။ သူ့ခန္ဓာကိုယ် လယ်ကောင်း လုပ်ပစ်လိုက်တယ်၊ ကိလေသာ အညစ်အကြေး မရှိတဲ့ လယ်ဖြစ်အောင် (တင်ပါ့)။

ဒီလယ်ကောင်းမှာ ဒကာ ဒကာမတွေ မျိုးစေ့စိုက်လိုက်ရလို့ရှိရင်ဖြင့် လူ၊ နတ်၊ နိဗ္ဗာန် သုံးတန်သော ချမ်းသာတည်းဟူသော အပင်တွေ ပေါက်ရော ဒီလိုမှ ငါစားတော့မယ်ဆိုပြီး ဆုံးဖြတ်ချက် ချလိုက်တယ်၊ ဘယ်လောက် ကောင်းလဲ (မှန်ပါ့)။

## မင်းတို့လည်းဆုံးဖြတ်ချက်ချရင်ရတာပဲ

မင်းတို့လဲ ဆုံးဖြတ်ချက် ချရတာပဲ၊ မင်းတို့လဲ ဆုံးဖြတ်ချက် ချရင် ရတာပဲ ကိုယ့်အတန်းနဲ့ကိုယ် ရတာပဲ။

မင်းတို့လည်း သားတွေ မယားတွေက ရှိကြတယ်။ ဒါတွေက ချက်ပြီး ကျွေးတယ်။ ဩော် . . . သူတို့ သဒ္ဓါတရား ဟာလဲ မသေးလှဘူး၊ သူတို့က သဒ္ဓါတရားနဲ့ ကျွေးတော့ ကိုယ်က လောဘနဲ့ စားလို့ ရှိရင်ဖြင့် အပါယ်မီး ထတောက်ရုံပဲ ရှိတယ် လောဘ၊ ဒေါသ၊ မောဟ ငြိမ်းအောင် လုပ်ပြီး စားလိုက်မယ်ဆို ဖြစ်တာပဲ မဟုတ်ဘူးလား (ဟုတ်ပါတယ်)။

ဒကာသိုက် မဖြစ်ဘူးလား (ဖြစ်ပါတယ်) ဒီလို စားချင်တဲ့ စိတ် မပေါ်ဘူးလား၊ ဒေါ်ရွှေ ချက်ကျွေးတာကို (မှန်ပါ့) ဒေါ်ရွှေ ကလည်း ထို့အတူပဲ ငါ့အိမ်မှာ ညီမလေးတွေ ချက်ပြုတ် ကျွေးနေတာ သူတို့က သဒ္ဓါတရားနဲ့ ဟုတ်လား၊ ဒါလေး စားပါဦး၊ သောက်ပါဦး၊ ဒါလေးဟာ အတော်ကို ရှာကြံပြီး ချက်ထားတာ ဆိုတာ မပါဘူးလား (ပါပါတယ် ဘုရား)။

သို့သော်လဲ လောဘ ဒေါသနဲ့ စားလို့ရှိရင် ကောင်းပါ့ မလား (မကောင်းပါဘူး) အခုတော့ ခင်ဗျားတို့က ကိုယ့်ပစ္စည်းနဲ့ ကိုယ်ချက်တာ ဘာကျေးဇူးတင်စရာ ရှိသလဲ၊ ဒီလို လာသေးတာ ဗျ၊ ခင်ဗျားတို့က (မှန်ပါ့) ခုနကဘက်ကို မသွားဘူး။

ခုနက ကိုယ်တော်ကတော့ ပြင်လိုက်တာနဲ့ပဲ အားလုံး ဒကာ - ဒကာမတို့ သူကိုယ်တိုင် ရဟန္တာဖြစ်သွားတယ် ဆိုတော့ မည်မျှလောက် အဖိုးတန်တယ်ဆိုတာ ပြောဖို့ လိုသေးသလား (မလိုပါဘုရား)။

## သူ့ဟာသူဝီရိယပြင်းပြတာ

သူ့ကို သူများ တိုက်တွန်းတာလား။ သူ့ဟာသူ ဝီရိယ ပြင်းပြတာလား (သူ့ဟာသူ ဝီရိယပြင်းပြတာပါဘုရား) အင်း သူ့ ဟာသူ ဝီရိယပြင်းပြပြီး သကာလ လာတဲ့အတွက် (မှန်ပါ့) ပြင်းပြတာကလဲ တခြားကြောင့် မဟုတ်ဘူး၊ ဒကာမကြီးတို့ ပြောသံဆိုသံနဲ့ တကယ့် ကုက္ကုစ္စနဲ့ အင်မတန် ရည်ရွယ်ချက် ကောင်းနဲ့ တွေ့တယ်။

သူတော်ရှ်ုစားပြီးသကာလ သူ့သား ခရီးပေါက်ဖို့အရေး ကိုသာ အားပေးနေတယ် ဆိုတာက မသေချာဘူးလား (သေချာ ပါတယ်ဘုရား)။

အရိယာအဖြစ်နဲ့ စားလိုက်မှသာလျှင် စားထိုက်တဲ့ အဖြစ်ကို သူ့ဉာဏ်ထဲမှာ ဆုံးဖြတ်ချက် ချလိုက်တာနဲ့ ဒီဂူထဲက မထတော့ဘူး။ မဂ်လေးတန်မှ မရ၊ မထဘူးကွာ သေပစေ ဆိုတော့ ရတာပဲ ဟုတ်ပလား (မှန်ပါ့)။

အဲဒီတော့ တရားကလဲ အမှန်ပဲ၊ ဝီရိယကလဲ ပြင်းပြမယ်၊ အဓိဋ္ဌာန်ချက်အတိုင်းလဲ လုပ်မယ်ဆိုရင် ဒီဒကာ ဒကာမတွေလဲပဲ ရမယ် (မှန်ပါ့) စမ်းလဲ ကြည့်ကြပါဦး (မှန်လှပါဘုရား)။

## ဒို့သည်ပါရမီထူး၊ ဘုန်းကံထူးတွေ

ဒို့သည်ကားလို့ ဆိုလို့ရှိရင်ဖြင့် ပါရမီထူး ဘုန်းထူးကံထူး တွေ ပါလား၊ ဒီပါရမီထူး ဘုန်းထူး ကံထူးတွေကို သားရေး သမီး ရေး စီးပွားရေးတွေက အလွဲသုံးစားနဲ့ အချိန်ဖြုန်းလိုက်တဲ့ အတွက် သောတာပန် ဖြစ်မည့် ပုဂ္ဂိုလ်တွေတောင်မှ အရှုံးကြီး ရှုံးရတော့မှာပါလားလို့ ခင်ဗျားတို့ မလုပ်တဲ့ ပုဂ္ဂိုလ်တွေ မျက်ရည် ကျဖို့တောင် ကောင်းတယ် (မှန်လှပါဘုရား) ဟုတ်ဘူးလား (ဟုတ်ပါတယ်)။

## ကိစ္စပြီးရမည့်ဘဝကြီး

ကိစ္စပြီးရမည့် ဘဝကြီး အင်္ဂါစုံနေတာကိုး။ မစုံဘူးလား (စုံပါတယ်ဘုရား) အင်္ဂါစုံပြီးသကာလ ဘဝက တောင်းခံခဲ့တဲ့ဆု၊ အားထုတ်ခဲ့တဲ့ သတ္တိတွေက ဒီမှာ စုံပြီးတော့ အကျိုးမပေးသေး ဘူးလား (ပေးပါတယ်ဘုရား)။ အဲဒီအကျိုးပေးကြီးထဲမှာ ခင်ဗျား တို့က အကောင်းအကျိုးပေးတဲ့ အထဲက အလွဲအသုံးချနေလို့ ခက်တယ်။ သဘောကျပလား (ကျပါပြီဘုရား)။

အကျိုးပေးကတော့ မစုံဘူးလားဗျာ (စုံပါတယ်) ဆရာ ကောင်းနဲ့ ပေါင်းခြင်းကော၊ တရားနာခြင်းကော၊ အနိစ္စလေးတွေ ဆရာသမား ပြောထားတဲ့ ခန္ဓာကိုယ်ထဲမှာ ဝေဒနာအနိစ္စ လေးတွေ ဖြစ်ပျက်ကလေးတွေ မမြင်ကြဘူးလားဗျာ (မြင်ပါ တယ်)။

ထပ်ပြန်တလဲလဲ ပွားမှုကလေးတွေ လိုတယ်။ အဲဒါတွေ ဘာဖြစ်လို့ မပွားနိုင်ပါလိမ့်မတုံးလို့ မေးတဲ့အခါ သားရေး သမီး ရေး စီးပွားရေး ရှုပ်လို့ (မှန်ပါ့)။

## တောင်တက်ရတဲ့အကျိုးနပ်အောင်လုပ်ပါ

အဲဒီတော့ ခင်ဗျားတို့ နောက်တုန်းက ဒီတောင်ရောက် အောင် တက်မယ်ဆိုပြီး ဒီတောင်တက်ပြီးခါမှ ဒီတောင်ပေါ်ကျမှ ကိုယ်အလိုရှိတဲ့ သစ်သီးတွေကို ခူးပြီး ဆွတ်ပြီး မစားရလို့ ရှိရင်လဲ တောင်တက်ကျိုး နပ်ပါ့မလား (မနပ်ပါဘူးဘုရား)။

ဒီမှာလဲ ခင်ဗျားတို့ အပါယ်ရောက်နေရာက လူ့ပြည် တောင်ကြီး တက်လာကြတယ်။ တိရစ္ဆာန်ပြည်က လူ့ပြည် တောင်ကြီး တက်လာကြပြီးသကာလ နိဗ္ဗာန်မဂ်ဖိုလ်တည်း ဟူသော အသီးတွေကို ဆွတ်မဟဲ့၊ စားမဟဲ့၊ ခူးမဟဲ့ဆိုပြီး တက်လာတဲ့ ရည်ရွယ်ချက် ရှိတယ် (မှန်ပါ့)။

## ပြင်ချိန်သိပ်မရှိတော့ဘူး

ဒီတောင်ပေါ် ရောက်မှ ခပ်ငိုင်ငိုင်နဲ့ ခပ်မှိုင်မှိုင် လုပ်နေတော့ မတူရေ တော်ပ့်မလား (မတော်ပါဘုရား) ဒီတစ်ခါ ဘယ့်နှယ် လဲ၊ ဘာလုပ်ကြမလဲ။ ပြင်ကြရအုံးမယ်။ ဟုတ်ပလား။ ပြင်ချိန်ကလဲ ဘုန်းကြီးက ပြောချင်တယ်။ ဒေါ်အုန်းခင် ခင်ဗျားတို့က နည်းနည်း ကျန်တယ်။ သိပ်ပြင်ချိန် မရှိတော့ဘူး။

ဘာကြောင့်လဲ။ ပြင်ရင်းမတ္တနဲ့ အဖျက်အဆီးတွေက များတယ်။ ဒီက ပြင်ရင် ဟိုက ပျက်တတ်တယ်။ ဟုတ်လား (ဟုတ် ပါတယ်ဘုရား)။

## ကပျာကယာပြင်ပါတော့

ဒကာစိန်တို့အတွက်ပေါ့ဗျာ။ ဒီကပြင်ရင် ဟိုက ပျက်တော့ တာပဲဆိုတာ သဘောကျပလား (ကျပါပြီ) အဲဒီတော့ ခင်ဗျားတို့ ပြင်ချိန် သိပ်မရှိတော့တဲ့အတွက် ကပျာကယာ ပြင်ပြီးတော့ အခုန ကိုယ်တော်လို တစ်နာရီနဲ့အပြီးလုပ်မှ ခင်ဗျားတို့ ခန္ဓာကိုယ်နဲ့ ခင်ဗျားတို့ နေရာကျမယ် ဟုတ်ပလား (မှန်လှပါဘုရား)။

ဒီထက် ရက်ပိုသွားလို့ ဒီ့ထက် ရက်ရှည်သွားလို့ရှိရင်ဖြင့် မရဏမင်းကလဲ ခင်ဗျားတို့ကို မင်းတို့က အရွယ်ကောင်းတုန်းက လုပ်ခဲ့ကြတာ မဟုတ်ဘူး၊ ခုမှ ပြာလောင်ခတ်ရမလားဆိုပြီး ခင်ဗျားတို့ ခေါင်းဖြတ်၊ အသက် သတ်မယ် (မှန်ပါ့)။

## အားထုတ်မှုလိုနေတယ်

သို့သော် ဘာလိုနေသတုံးဆိုတော့ အားထုတ်မှု လိုနေတယ်။ ဝီရိယပြင်းပြမှု လိုနေတယ်။ အခုလဲ ဒကာဒကာမတို့ ဘာလေးလိုနေသလဲဆိုတော့ ဒေါ်အုန်းခင်တို့ ရိပ်မိလောက်ပါပြီ။ ဘာလို နေသလဲ (ဝီရိယ လိုနေပါတယ်) ဝီရိယလိုနေပါတယ်ဆိုတာ ဟုတ်ပလား (မှန်ပါ့)။

အဲဒီတော့ ဝီရိယ လိုနေတယ်ဆိုတော့ ဝီရိယလေးကို အားကိုးလိုက်လို့ရှိရင်ဖြင့် ဒကာဒကာမတို့ သတိမှာလဲ ပိုမှာပဲ၊ သမာဓိမှာလဲ ပိုမှာပဲ။ ပညာမှာရော (ပိုမှာပါဘုရား)။

## ၅ ထားတဲ့အခွင့်အရေးမယူပဲမနေပါနဲ့

အဲဒီတော့ ဒီလို ထားလိုက်ကြပါ။ ဝီရိယအပေါ် ထိန်းနိုင် တဲ့၊ ကိုင်နိုင်တဲ့လူ။ ဝီရိယရှိတုန်း ဘုန်းပိုင် ကံပိုင်တဲ့လူ။ ဒီရထားတဲ့ အခွင့်အရေးကို မယူဘဲ မနေပါနဲ့။ **ဝီရိယ အားကြီးတဲ့ ပုဂ္ဂိုလ် ဘယ့်နှယ်ကြောင့် မဂ်ဖိုလ်မရဘဲ ရှိရမလဲလို့** ကြိမ်းလိုက်ပါ။ ဟုတ်ပလား (မှန်ပါ့) ကြိမ်းပြီး တကယ်တမ်း ကြိုးစား (မှန်လှပါဘုရား)။

ကြိမ်းပြီး ထိုင်နေလို့ မဖြစ်ဘူး။ ထိုင်နေလို့ မဖြစ်သေးဘူး။ တကယ်တမ်း ကြိုးစားမှ ခရီးပေါက်မယ်။ ရှင်းပလား (ရှင်းပါပြီဘုရား)။

ခင်ဗျားတို့က ကျုပ်တို့တော့ ဆေးဝါးက တစ်မျိုး၊ ရောဂါ ထူတာက တစ်မျိုး၊ ပြောပဲ မပြောချင်တော့ပါဘူး၊ ဒါ . . . သူလျှော့ ပြီ (မှန်ပါ့) အဲဒါ လူကြီး ပုဂ္ဂိုလ်ကြီးတွေနော်။ လူကြီး လူကျယ်တွေ (မှန်ပါ့)။

အသက် ဒီလောက်ကြီးလာပြီ။ ဘုန်းကြီးနဲ့ တွေ့ရတာ ရောဂါထူတဲ့အချိန်မှ လာတွေ့ရတော့ တပည့်တော်တို့ နာလိုက်တာ။ အဲဒါ ဒကာဒကာမတို့ မြို့သုံးပေါ့ဗျာ။ စင်စစ်မတော့ မလုပ်ဘူး ပြောတာ။ ရိပ်မိပလား (ရိပ်မိပါပြီ)။

## မြို့သုံးကယဉ်သလိုလိုနဲ့နောက်ဆုတ်တယ်

ကိုင်း . . . ဒီအသွားတွေလဲ မလာခဲ့နဲ့၊ ဒီမြို့သုံးတွေက ကိုယ့်ဟာကိုယ် နောက်ဆုတ်အသွား (မှန်ပါ့) အဲဒီမြို့သုံးမျိုး သုံးချင် သေးလား။ (မသုံးချင်ပါဘုရား) အဲဒီမြို့သုံး အသုံးတွေ ဖျတ်မှ **မြို့သုံးက ယဉ်သလိုလိုနဲ့ နောက်ဆုတ်တာ** (မှန်လှပါဘုရား)။

ကဲ . . ဒါဖြင့် ဒကာဒကာမတို့ အသက်အရွယ်ကလဲ ကြီးတယ်။ ဒကာစိန် လောကီမှာတော့ နွားပျိုသန်လှ နွားအိုပေါင် ကျိုးပေါ့ကွာ တွေ့လိုက်မယ်ဟော့ မပြောဘူးလား (ပြောဖူးပါတယ်) အဲဒီတော့ နွားအိုတွေက ဘာလုပ်မလဲ? ဒေါ်အုန်းခင် ဘာလုပ် ရမှာလဲ၊ ရိပ်မိပလား (ရိပ်မိပါပြီ) ဒီအတိုင်း တွေးရမယ်၊ ဒီလို မတွေးလို့ ဖြစ်ပါ့မလား (မဖြစ်ပါဘူးဘုရား) မဖြစ်ဘူး။

အဲ . . မတူတို့တွေ မရီတို့ ခန္ဓာရှိသူတွေကျတော့ ဟော့မင်းတို့ ခန္ဓာကိုယ်ကြီးက လူရုပ်အစဉ်ထားပြီးသကာလ ဟိုလူ တစ်ချက်ပစ်၊ ဒီလူ သေနတ်နဲ့ တစ်ချက်ပစ်တယ်ဆိုတော့ ဒို့တော့ ချော်စရာကို မရှိဘူး။ ခန္ဓာကိုယ်ကြီးတယ်။ သဘောကျပလား (ကျပါပြီ)။

မာရ်နတ်မင်းက လက်နက် တစ်ခုခုနဲ့ ကိုင်ပစ်လို့ရှိရင် တို့ အရင် ထိမယ်ဆိုတာ ပြောဖို့ လိုသေးလား။ ဘာဖြစ်လို့လဲ အို . . . ခန္ဓာကိုယ် အထည်ကြီးတယ်။ ဟုတ်ပလား (မှန်ပါ့)။

ခင်ဗျားတို့ လူစားမဆိုနဲ့။ ဘုရားတောင် မှန်အောင် ပစ်နိုင်တယ်။ သဘောကျပလား (ကျပါပြီ) ဘုရားတောင် ခန္ဓာရှိတုန်းကျတော့ သူ့လက်တွင်းမှာ ခေါင်းစင်းသေရတယ်။ ဒကာစိန်ရေ ရိပ်မိပလား (ရိပ်မိပါတယ်)။

## ဝေဒနာနုပဿနာ ရှုဖြစ်အောင်ရှုပါ

ဒါဖြင့် ဒကာဒကာမတို့ ခင်ဗျားတို့ ဝေဒနာဖြစ်ပျက်ကို မရှုရင် မဖြစ်ဘူးဆိုတဲ့ အဓိပ္ပာယ် ရောက်ပြီလား (ရောက်ပါပြီဘုရား) သေသေချာချာ ရောက်တယ် (မှန်ပါ့)။ ဒါကြောင့် ဒကာဒကာမတို့ အခုလူသစ်တွေလည်းပါတော့ ဝေဒနာကလေးဟာ ထွက်ထွက်ပြီးသကာလ နေတော့ ဘယ်နေရာ ဘာရှိတယ်ဆိုတာ ဒေါ်အုန်းခင် တွေ့ရတယ်။

ကဲ-ဒါဖြင့် ဒကာဒကာမတို့ မျက်လုံးမှာ ဘာဝေဒနာပေါ်တယ် (ဥပေက္ခာ ဝေဒနာပါဘုရား) နား၊ နှာခေါင်း၊ လျှာမှာ (ဥပေက္ခာ ဝေဒနာပါဘုရား) ပေါ်တိုင်းသိပြီ ဥပေက္ခာဝေဒနာ မဟုတ်လား (ဟုတ်ပါတယ်) ကိုယ်ပေါ်ကျတော့ သုခ၊ ဒုက္ခ ဝေဒနာ။ ဟဒယ ဝတ္ထု ပေါ်ကျတော့ (သုခ၊ ဒုက္ခ၊ ဥပေက္ခာ ဝေဒနာပါဘုရား)။ အေး . . . နားမလည်တဲ့ ဒကာ ဒကာမတွေ ဟဒယဝတ္ထုဆိုတာ ဝမ်းထဲမှာပေါ်တာ တစ် ကိုယ်လုံးမှာ သုခ ဒုက္ခချည်းပေါ့ဗျာ။ ရိပ်မိပလား (ရိပ်မိပါပြီ ဘုရား)။

**"ယော ဝေဒနံ ပရိညာယ"** တဲ့။ ယော-အကြင်ပုဂ္ဂိုလ်သည်။ ဝေဒနံ - ဝေဒနာကို။ ပရိညာယ - ပိုင်းခြား၍ သိ၏၊ သံယုတ် ပါဠိတော်မှာ ဘုရားဟောတော်မူပါတယ်။ ဝေဒနာ ပိုင်းခြားလိုက်တာပဲ (မှန်ပါ့)။

## ဝေဒနာကိုရှေးဦးစွာပိုင်းခြားရမယ်

သူ့နေရာ သူသိပြီ မဟုတ်လား။ ဝေဒနာတွေ ရောနေသေးလား (မရောပါဘုရား) မရောပါဘူး။ ကိုယ်ပေါ်မှာ သုခ၊ ဒုက္ခ ဆိုငြားသော်လဲ သုခပေါ်ရင် ဒုက္ခ မပေါ်ဘူး။ ဒုက္ခပေါ်ရင် (သုခ မပေါ်ပါဘုရား)။

ဟဒယဝတ္ထုပေါ်မှာ၊ သုခ၊ ဒုက္ခ၊ ဥပေက္ခာ ပေါ်နိုင်တယ် ပြောတာပဲ။ ပေါ်တာကတော့ တစ်ခုပဲ ရှိတယ်။ သုံးခုပြိုင်

ပေါ်နိုင်ရဲ့လား (မပေါ်နိုင်ပါဘုရား) ဘုရားသခင်ကိုယ်တော်မြတ်က **ယော ဝေဒနံ ပရိညာယျ**။ ယော - အကြင်ယောဂီပုဂ္ဂိုလ်သည်။ ဝေဒနံ - ဝေဒနာကို ပရိညာယျ - ရှေးဦးစွာ ပိုင်းခြားရမယ်။

## ဘာနဲ့ပိုင်းခြားရမှာတုံး

ဒါ့ကြောင့် အခုပြောလိုက်တဲ့ တရားလေးဟာလဲ ဒကာဒကာမတို့ ဘယ်နေရာမှာ ဘယ်ဝေဒနာ ရှိတယ်လို့ ဝေဒနာပိုင်းခြားလိုက်တယ် (မှန်ပါ့) အဲဒီတော့ **ယော ဝေဒနံ ပရိညာယျ** ဆိုတာ ဝေဒနာကို ပိုင်းခြားပါ။ ဘာနဲ့ပိုင်းခြားရမတုံးဆိုတော့ **သမာဓိ တော သမ္ပဇာနော** = သမာဓိ - ပညာနဲ့ပိုင်းခြားရမယ် (မှန်ပါ့)။

ဝေဒနာပေါ်ဆိုတာ အဲဒီဝေဒနာကို သမာဓိက တင်ပြမှ၊ ပညာက သြော် ဒီမှာ ဒုက္ခ၊ သြော် ဒီမှာ ဥပေက္ခာ၊ သြော် ဒီမှာ သုခ၊ သမာဓိ ပညာက ညွှန်ပြမှာ (မှန်ပါ့) နို့မို့ရင် ဝေဒနာက ပိုင်းခြားတယ် ဆိုငြားသော်လည်း ကံမှတ် ဖြစ်မယ်။ ကံမှတ် မလုပ်ကြပါနဲ့။ သမာဓိပညာနဲ့ အခုမျက်လုံး ပေါ်တယ်ဆို။ သမာဓိက အဲဒီမျက်လုံးညွှန်တော့ ပညာက အဲဒီ ကြည့်ပြီးသြော် - ဟောဒါ ဝေဒနာပါလားလို့ မြန်မြန်လုပ်ပါ။ သဘောကျပလား (ကျပါပြီဘုရား)။

## သမာဓိနဲ့ပညာနဲ့တွဲလွှတ်စမ်းပါ

အဲဒီတော့ **သမာဓိတော သမ္မသနောတဲ့**။ သမာဓိနဲ့ ပညာနဲ့ တွဲတွဲလွှတ်စမ်းပါ။ ဘုရား၏ တပည့်သားတွေ ဖြစ်ခဲ့လို့ရှိရင်ဖြင့် သမာဓိနဲ့ ပညာတွဲတွဲလွှတ်စမ်းပါ။ ဝေဒနာ ပေါ်တဲ့နေရာကို သဘော ကျပလား (ကျပါပြီဘုရား)။

ဝေဒနာပေါ်တဲ့နေရာ ဘယ်သူ့တွဲ လွှတ်ရမလဲ (သမာဓိ နဲ့ ပညာတွဲလွှတ်ရပါမယ်) အေး သမာဓိနဲ့ပညာ တွဲလွှတ်ရမယ် မျက်လုံးထဲ ဘာဝေဒနာပေါ်တယ် (ဥပေက္ခာဝေဒနာ ပေါ် ပါတယ်) မြင်တဲ့ အချိန်မှာ ပေါ်တယ်။ အဲဒါ ဘာပါလိမ့်မတုံးလို့ သမာဓိ ပညာကမေးတာ သဘောကျပလား (ကျပါပြီဘုရား)။

သမာဓိနဲ့ ပညာနဲ့ နှစ်ခုပေါင်းပြီး မေးလိုက်လို့ရှိရင် ဩော် ဒါလေးဟာ မျက်လုံးထဲမှာ တစ်ခြားမဟုတ်ပါလား၊ ဝေဒနာ ပါလား အေး . . . ငါ သူပြုတ်ထွက်သွားတယ်၊ မပြုတ် သေးဘူးလား (ပြုတ်ပါတယ်) ငါပြုတ်သွားပါပြီတဲ့ ဒီနေရာမှာ ဥပေက္ခာဝေဒနာပါလား၊ ဥပေက္ခာ ဝေဒနာလေးပါလားဆိုတော့ ငါ မပြုတ်လို့ ခံနိုင်သေးရဲ့လား (မခံနိုင်တော့ပါဘုရား)။

ဝေဒနာကို သူ့နေရာနဲ့သူ၊ သူ့နေရာနဲ့သူ ပေါ်တိုင်း ပေါ် တိုင်း ကြည့်ပေးရမယ်။ ရှင်းပလား (ရှင်းပါပြီဘုရား)။

## ဝေဒနာရဲ့ဖြစ်ကြောင်းကိုသိပါ

ဝေဒနာယဥ္စ သမ္ဘဝံတဲ့။ ဝေဒနာ ဖြစ်ကြောင်းလေးလဲ ကြည့်လိုက်ပါဦး။ ဝေဒနာသိတယ် ဆိုကတည်းက ဒိဋ္ဌိကွာပြီ၊ ဝေဒနာဖြစ်ကြောင်းသိတော့ ဒကာ - ဒကာမတို့ တစ်ခုခုနဲ့ မထိဘဲနဲ့ဖြင့် နာတယ်။ ကောင်းတယ်ဆိုတာ လာပါ့မလား (မလာပါဘူး)။

လျှာလယ်မှာ ဟင်းလေးနဲ့ မထိဘဲနဲ့ ကောင်းတယ် ဆိုတာ မလာဘူး လျှာလယ်မှာ ပေါ်နိုင်ပါ့မလား (မပေါ်နိုင်ပါ ဘုရား) အစပ်ကလေးနဲ့မှမထိဘဲနဲ့ စပ်တဲ့ဝေဒနာ ပေါ်နိုင် ပါ့မလား (မပေါ်နိုင်ပါဘူး ဘုရား)။

## ဖဿကြောင့်ဝေဒနာဖြစ်တယ်

အဲဒီတော့ ထိလို့ ပေါ်တယ်ဆိုတော့ **ဝေဒနာ ယဥ္စ သမ္ဘဝံ**။ ဝေဒနာ ယဥ္စ-ဝေဒနာ၏၊ သမ္ဘဝံ-ဖြစ်ကြောင်းတွေကို။ ပရိဇာနာတိ- သိရမယ် ဆိုထားတယ်။ ဖဿပစ္စယာ ဝေဒနာလဲ သိတယ်၊ ရိပ်မိပလား (ရိပ်မိပါပြီ)။

ပထမ ဝေဒနာသိ၊ နောက် ဝေဒနာ ဖြစ်ကြောင်းသိ (မှန်ပါ့) ဝေဒနာ ဘယ်သူ့ကြောင့်ဖြစ်သလဲ (ဖဿကြောင့် ဖြစ်ပါတယ်) ဖဿကြောင့် ဝေဒနာဖြစ်တယ်ဆိုတာလဲ ရှင်းမနေဘူးလား (ရှင်းပါတယ်)။

အေး-ဒါကြောင့် ခင်ဗျားတို့ သူခဲနဲ့မထိဘဲနဲ့ ခြေဖဝါးပေါ်မှာ သူမနာပါဘူး၊ ခဲနဲ့ ခြေထောက်နဲ့ ဆက်သွယ်ပေးလိုက်တာက ဖဿ၊ ပေါ်လာတဲ့ နာလုံးလေးက ဝေဒနာ။ ဆက်သွယ်ပေးတာက ဘယ်သူတုံး (ဖဿပါ)။ အေး-နာလာတာက (ဝေဒနာပါ)၊ ဒါဖြင့် ထိတာနဲ့နာတာ တစ်ချက်တည်းပဲ (မှန်ပါ့) ထိတာနဲ့ နာတာ တစ်ချက်တည်းပဲဆိုတာ သိသဖြင့် ထိလို့ နာတာကဖြင့် ဖဿပစ္စယာ ဝေဒနာ (မှန်ပါ့)။

## ဖဿချုပ်ရင်ဝေဒနာချုပ်တယ်

**ဖဿ နိရောဓာ ဝေဒနာ နိရောဓော။** သဘောကျပလား (ကျပါပြီဘုရား) ဖဿချုပ်ရင်ကော (ဝေဒနာချုပ်ပါတယ်ဘုရား)။ အဲဒီကဲ့သို့ အစောကြီးက ဒကာ-ဒကာမတွေ နှလုံးသွင်းထား လိုက်ပါဦး။ ဟုတ်လား (မှန်ပါ့ဘုရား)။

ဧတေ- ဤတရားတို့သည် နိရုဇ္ဈန္တိ-ချုပ်ကုန်၏။

ဆုံးအောင် လုပ်လိုက်ရမယ်။ ဒကာ-ဒကာမတို့ ဒီ ဝေဒနာ ကလေးကို **ဖြစ်ပျက်တွေ့ပြီ ဆိုကြပါစို့**၊ ဖြစ်ပျက်တွေက နောက်ကျတော့ ဒကာ-ဒကာမတို့ **ဖြစ်ပျက်ကနေပြီး** လျှောက် ကြည့်နေရင်းနဲ့ တွေ့ရတာလဲဒုက္ခလို့ **ဉာဏ်သည် မပြောင်း ဘူးလား(ပြောင်းပါတယ်)။**

နောက်ကျတော့ သူ့ထက်ပြောင်းပြီး ဩော်-**ဖြစ်ပျက်**

ဆိုတာ ဝိပရိဏာမ ဒုက္ခကြီးပါလားလို့ မသိပေဘူးလား (သိပါတယ်ဘုရား) သိလည်း သိပြီးရော ဒီဝေဒနာကလေးဟာ ဒေါသန်းရေ ချုပ်သွားတယ် (မှန်ပါ့ဘုရား)။

## ဒုက္ခသစ္စာချုပ်တော့ သုခပေါ်ရတယ်

အဲဒီ ဝေဒနာလေး ချုပ်သွားတော့ ဝေဒနာဟာ ဒုက္ခသစ္စာ မဟုတ်ဘူးလား (ဟုတ်ပါတယ်) ဝေဒနာဟာ **ဒုက္ခသစ္စာလေး ဒုက္ခ သစ္စာလေး ချုပ်သွားတော့ ဒီနေရာမှာ သုခပေါ်ရတယ်** မပေါ်ပေဘူးလား (ပေါ်ပါတယ်) အေး-သုခ ပေါ်ရတယ်။

အဲတော့ ဒုက္ခချုပ်ချင်လို့ ချုပ်ရတာလား မေးတဲ့အခါကျ တော့ ဟိုက ဉာဏ်က ထက်ထက်၊ ထက်ထက်လာတော့ ဝိပရိဏာမ ဒုက္ခကြီးသည် မချုပ်ရပေဘူးလား (ချုပ်ရပါတယ် ဘုရား)။

ဝိပရိဏာမ ဖြစ်ပြီးသကာလ ချုပ်သွားတဲ့အခါကျတော့ **ဒီက ချုပ်သွားတာက ဒုက္ခသစ္စာ၊** မြင်တာက မဂ္ဂသစ္စာ၊ အေး- **ဒီချုပ်သွားတဲ့ အဆုံးလေးက (နိရောဓသစ္စာပါဘုရား)** ဖြစ်ပျက် **အဆုံးလေးက ဒုက္ခသာ အန္တ ကရိယာသတိ** (မှန်ပါ့)။

## နိရောဓသစ္စာနဲ့ဉာဏ်နဲ့သာကျန်မယ်

ဒုက္ခ၏ အဆုံးလေးက ဘာတဲ့ (နိရောဓသစ္စာပါဘုရား) အဲဒီ **နိရောဓသစ္စာနဲ့ ဉာဏ်နဲ့ တင်ကျန်နေရမယ်** (မှန်ပါ့) သမုဒယ သစ္စာကတော့ ဒကာ - ဒကာမတို့ ဒါပေါ်ကတည်းက သူသေနေတာ (မှန်ပါ့) သူ့အတွက် ဘာကလေးများ လိုနေသေးလဲ (မလိုပါဘူး) ဆုတောင်းဖို့ကော လိုသေးလား (မလိုပါဘူး) မဂ်ပေါ်ဖို့သာ လိုတယ် (မှန်ပါ့)။

အေး-ဒါကြောင့် **ဒုက္ခ၏အဆုံး မြင်အောင်ကြည့်ကြစမ်းပါ**၊ ဒုက္ခမြင်ရင် ဒုက္ခ၏အဆုံးတွေ့မှာပဲ (မှန်ပါ့)။

## ပုရွက်ဆိတ်တန်း ဥပမာ

လောကီဥပမာ ဘုန်းကြီး ပြောလိုက်ပါ့မယ်၊ ခင်ဗျားတို့ ပုရွက်ဆိတ်တန်းကြီးဟာ လမ်းပေါ်မှာ တန်းနေတယ် ဒကာစိန် (မှန်ပါ့) သို့သော် သူ့တွင်းထဲ ဝင်တယ် (မှန်ပါ့) ဒကာစိန် ဘေးကနေ မပြောင်းနဲ့။

ပုရွက်ဆိတ်တန်းကြီး ကြည့်နေ ကြည့်နေတဲ့အခါကျလို့ရှိရင် ပုရွက်ဆိတ်တန်းကြီးဟာ နောက်ဆုံးပိတ် အခါကျတော့၊ တွင်း ထဲဝင်သွားတော့ ပုရွက်ဆိတ်တန်းကြီး မြင်ရသေးရဲ့လား (မမြင်ရတော့ပါ)။

ဘာပြုလို့တုံး (ဆုံးသွားလို့ပါဘုရား)။ မဆုံးခင်ကတော့

ပုရွက်ဆိတ်တန်းကြီး မြင်ရတယ်၊ ဆုံးသွားတော့ (မမြင်ရတော့ပါဘုရား)။

ဒီမှာလည်း ထိုနည်းတူပဲ ပထမတုန်းကတော့ ဝိပရိဏာမ ဒုက္ခတွေ မြင်မြင် မြင်မြင်နေတာပဲ၊ နောက် ဒီဒုက္ခတွေ ဆုံးသွားတော့ အေး ဒီနေရာ ပုရွတ်ဆိတ် မရှိတော့ဘူးလို့ မမြင်ဘူးလား (မှန်ပါ့) ပုရွတ်ဆိတ်အရှည် ကုန်ဆုံးသွားတော့ ပုရွက်ဆိတ် မရှိတာ တွေ့ရတယ်။ ဒီမှာလဲ ဒုက္ခတွေ အကုန်ဆုံးသွားတော့ ဒုက္ခမရှိတာ တွေ့ရတယ်။ သဘောကျပလား (ကျပါပြီဘုရား)။

## ဒုက္ခမရှိတာနိဗ္ဗာန်

ဒုက္ခတွေ ဆုံးသွားတော့ ဘာတွေ့သလဲ (ဒုက္ခမရှိတာ တွေ့ပါတယ်ဘုရား) ဒုက္ခ မရှိတာ တွေ့တယ်တဲ့၊ ကိုင်း-ဒုက္ခ မရှိတာ နိဗ္ဗာန်၊ နိရောဓသစ္စာ မရှိမှုန်း သိတာက မဂ္ဂသစ္စာ အေး-အဲဒါ ဒုက္ခအဆုံးမှာမှ တွေ့တယ် (မှန်ပါ့ဘုရား)။

အဲဒီ ဒုက္ခအဆုံး ရောက်အောင် ရှုကြလို့ရှိရင် ဘုန်းကြီးတို့ ဒကာ - ဒကာမတွေသည် ဒုက္ခအဆုံး နိရောဓသစ္စာ သဘောကျပလား (ကျပါပြီ) ဒုက္ခအဆုံး မြင်တာက မဂ္ဂသစ္စာ ဒုက္ခအဆုံး မြင်တာက (မဂ္ဂသစ္စာပါဘုရား) မဂ္ဂသစ္စာ သဘောကျပလား (ကျပါပြီ)။

## သမုဒယ၏အရှိန်ကုန်လို့ဒုက္ခဆုံးတာ

မဂ္ဂသစ္စာ လာတာသည် ဒုက္ခအဆုံး (မှန်ပါ့)၊ ဆုံးချင်တိုင်း ဆုံးရတာလားလို့ မေးတဲ့အခါကျတော့ သမုဒယ၏ အရှိန်အစော် အာနုဘော် ကုန်လို့ (မှန်ပါ့) သမုဒယချုပ်လို့ သူချုပ်တာ (မှန်ပါ့)။

ခန္ဓာကိုယ်ထဲမှာ သမုဒယကြီး ချုပ်လိုက်တော့ ဟိုမှာလဲ တစ်ခါတည်း ဒုက္ခအဆုံးကလေး ပေါ်လာတယ်၊ ဒါလေး သေသေ ချာချာ မှတ်လိုက်စမ်းပါ၊ ဒကာသိုက် (မှန်လှပါဘုရား)။

## မဂ် တစ်ပြိုင်တည်း ပေါ်တယ်

ဒါလေး သေသေချာချာ မှတ်လိုက်စမ်းပါ၊ ဒေါ်အုန်းခင် ဒါလေး သေသေချာချာ မှတ်ပါဆိုတာ တခြားမဟုတ်ဘူး၊ **ဒီဒုက္ခ ဆုံးတဲ့အချိန်နဲ့ ဒီက သမုဒယ ချုပ်တဲ့အချိန်နဲ့ မဂ်ပေါ်တဲ့ အချိန်နဲ့ တစ်ပြိုင်တည်းပဲ** (မှန်ပါ့)။

ဒါဖြင့် ဒုက္ခရယ် ဒုက္ခအဆုံးရယ် ကိလေသာ သေတာ ရယ် မဂ်ပေါ်တာရယ် တစ်ပြိုင်တည်း (မှန်ပါ့) တစ်ပြိုင်တည်းနော် ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

အဲဒါ ခင်ဗျားတို့ အားထုတ်ကြည့်ပါ၊ အားထုတ်ကြည့် လိုက်တဲ့အခါကျတော့ ဝိပရိဏာမ ရအောင်သာ အားထုတ်လို့ ရှိရင်ဖြင့် ခင်ဗျားတို့ ဒုက္ခအဆုံး တွေ့လိမ့်မယ်၊ ဒုက္ခလည်း တွေ့ မယ်၊ ဒုက္ခအဆုံးလည်း တွေ့မယ် (မှန်ပါ)။

## အပူဓာတ်ငြိမ်းသွားတယ်

ဒုက္ခက ဒုက္ခသစ္စာ၊ အဆုံးက နိရောဓသစ္စာ ဟုတ်လား၊ မြင်တာက မဂ္ဂသစ္စာ၊ ငြိမ်းတာက သမုဒယ သေတာ။ သမုဒယ သေတဲ့အခါ အပူဓာတ် ငြိမ်းသွားတယ်။ ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ဒါကြောင့် ရေအိုးတစ်ထောင်နဲ့ လောင်းဘိသကဲ့သို့ ခန္ဓာကိုယ်ထဲမှာ အေးရမယ်၊ ခန္ဓာကိုယ်ထဲမှာ အေးအောင် ရေအိုးတစ်ထောင်နဲ့ လောင်းဘိသကဲ့သို့ ခန္ဓာကိုယ် အေးရမယ်လို့ ပဏ္ဍာသအဋ္ဌကထာ ဖွင့်လိုက်တယ် (မှန်ပါ့)။

အဲဒါကြောင့် ဝိပဿနာမဂ္ဂင်ဖြစ်တုန်းကတော့ ဖြစ်ပျက်ကို အာရုံပြုတယ်။ ဝိပရိဏာမဒုက္ခ မြင်နေတယ်။ တကယ့် မဂ်စစ်လာ တဲ့အခါ ဝိပရိဏာမဒုက္ခ မမြင်ဘဲနဲ့ ဝိပရိဏာမအဆုံး သွားမြင်တယ် ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ဝိပရိဏာမ ဒုက္ခ အဆုံးသွားမြင်တယ်ဆိုတော့ ဒကာ - ဒကာမတွေ ဒုက္ခ၏အဆုံးကို သွားမြင်တယ်။ ဒါဖြင့် ဒုက္ခ၏ အဆုံး ဆိုတာ နိရောဓသစ္စာ၊ ဒုက္ခအဆုံးမြင်တာက မဂ္ဂသစ္စာ (မှန်ပါ့)။

## မဂ်စစ် လက္ခဏာ

မဂ္ဂသစ္စာလည်း ဝင်ပါရော ဒကာ-ဒကာမတို့၊ လူ

ရောက်သေးရဲ့လား (မရောက်ပါဘူး) ဓာတ်တော်တွေ ဖြစ်လာတဲ့အခါကျတော့ ဟိုအိမ်က ပူဇော်ချင်၊ ဒီအိမ်က ပူဇော်ချင်နဲ့ ခင်ဗျားတို့ အဖိုး မတန်ဘူးလား (တန်ပါတယ် ဘုရား) ရိပ်မိပလား (ရိပ်မိပါပြီ)။

ဒီအတိုင်း သေကြမယ်ဆိုရင် ဓာတ်တော် မကျနိုင်လို့ တော်ကြာ ဖောင်းကြွလာလို့ ခွေးတွေ ဘာတွေ ရောက်လာလို့ ရှိရင် အင်မတန် အကျည်းတန် အရုပ်ဆိုးတဲ့ အဓိပ္ပာယ် ရောက်သွားလိမ့်မယ်။ အဲဒီတော့ ခင်ဗျားတို့ဟာ အသေလည်းမလှ၊ အနေလည်းမလှ ဒီလို ဖြစ်မှာ မစိုးရိမ်ရဘူးလား (စိုးရိမ်ရပါတယ်ဘုရား)။

## သမာဓိမဂ္ဂင်ဖိလုပ်စမ်းပါ

အဲဒါဖြင့် သမာဓိမဂ္ဂင် ဖိလုပ်စမ်းပါ။ ဒါ တိုက်တွန်းတာနော် (မှန်ပါ့) သမာဓိမဂ္ဂင်ကို ဖိလုပ်စမ်းပါ။ ဖိလုပ်သွားလို့ ရှိရင်ဖြင့် ခုန မသာဖိတ်စာလဲလှ၊ ခန္ဓာကိုယ်ကြီးလဲ ဓာတ်တော်ကျလို့ အများပူဇော်ကြမယ် (မှန်ပါ့ဘုရား)။

ဒီအတိုင်းသာ ဆိုလို့ရှိရင် မသာကိစ္စကလဲ အနံ့မသာကြွတော်မူပါဟုတ်လား။ ဒါဆို ခန္ဓာကိုယ်ကြီးကိုလဲ ဆွေမျိုးတော်တဲ့ ပုဂ္ဂိုလ်ကတော့ နှာခေါင်းပိတ်မှာဗျ၊ ဆွေမျိုးမတော်တဲ့ ပုဂ္ဂိုလ်ကတော့ ဖွီဖွမ်နဲ့ လာသေးတာဗျ (မှန်ပါ့ဘုရား)။

နှာခေါင်းပိတ်တာလဲ ကျက်သရေမရှိလို့ ဖွံ့ဖွံ့လုပ်တာ ကော (ကျက်သရေမရှိလို့ပါဘုရား) အဲဒီလို သေချင်ကြသလား (မသေချင်ပါဘူးဘုရား) ဟုတ်ကဲ့လား ခင်ဗျားတို့က (ဟုတ်ပါ တယ်ဘုရား)။

ဘယ်လောက်ပင် ခင်ဗျားတို့က ပြင်ဆင်ငြားသော်လည်း ခင်ဗျားတို့ ခေါင်းကို ဘယ်လောက် ပြင်ဆင်ထားငြားသော်လည်း အံနံ့ကျတော့ မထွက်အောင် မပြင်ဆင်ဘူး ဆင်နိုင်ကြရဲ့လား (မဆင်နိုင် ပါဘုရား)။

## မင်္ဂလာဖြစ်အောင်လုပ်ပါ

အဲဒါဖြင့် အနံ့မထွက်အောင် မဆင်နိုင်ကြလို့ရှိရင် မင်္ဂလာ ဖြစ်အောင်လုပ်ပါ ရိပ်မိပလား (ရိပ်မိပါပြီ) အဲဒီတော့ လူသေမှ အရှက်ကွဲရတာ နာတယ် (မှန်ပါ့) အဲဒီလူ ရှင်တုန်းက အလုပ်မလုပ်ချင်လို့ (မှန်ပါ့) ခင်ဗျားတို့က အခု ဟန်လုပ်နေသရွေ့ အဲဒီကျတော့ အကုန်ပေါ်မလာဘူးလား (ပေါ်လာပါတယ်ဘုရား)။

အခုတော့ ဖီးကာ လိမ်းကာ ပြုပြင်တာနဲ့ ကိုယ့်ရှိရင် ရှိသလို ဝတ်ကြ၊ ဆင်ကြပေါ့ဗျာ။ ဟုတ်လား တော်တော်ကြာ ကျတော့ ပေါ်လာပြီ နံဆိုက်တာ ဒီမသာနှယ် ဆိုးလိုက်တာကွာ မပြောကြဘူးလား (ပြောပါတယ်ဘုရား)။

အေး. . . ဒါကြောင့် အဲဒီလိုတော့ အရုပ်ဆိုးတာတွေ မဖြစ်စေနဲ့ ဦးတင်မောင် သမာဓိ၊ သမ္မာသမာဓိနဲ့ ပညာမဂ္ဂင်နဲ့ နေရာတိုင်း တွဲထည့်လိုက်လို့ရှိရင် ခင်ဗျားတို့ အဖိုးတန်မယ် (မှန်လှပါဘုရား)။

ဒကာသိုက်ရေ ဒီဥစ္စာ အရေးမကြီးဘူးလား (ကြီးပါတယ်ဘုရား) ကိုင်း ဒါဖြင့် ဒကာ-ဒကာမတို့ ကြိုးစားစမ်းပါ ကြိုးစားကြစမ်းပါ။ ကြိုးစားလို့ရှိရင် ခင်ဗျားတို့ မုချ ခရီးရောက်မယ်။ ဟုတ်လား မုချခရီးရောက်မယ် (မှန်ပါ့ဘုရား)။

## ခန္ဓာကိုယ်နဲ့ပူဇော်လိုက်ပါ

ကဲ . . . ဒါဖြင့် ရှေးဦးစွာ သမာဓိယူ သမာဓိပညာ ရိုးရိုးလုပ်။ မဂ်ပေါ်လာတဲ့အခါကျတော့ ဒုတိယတစ်ဆင့် တက်ပေး၊ ဒါကြွေ့ တက်အောင်လုပ်ပေးတာ (မှန်ပါ့) တတိယဆင့်ကျတော့ မဂ္ဂင်ရအောင် လုပ်မပေ့ာ (မှန်ပါ့)။

ဒီလို ပြောင်းလိုက်လို့ရှိရင် မဂ္ဂင်လမ်းပေါက်ပြီးသကာလ မောင်ထွန်းလှိုင် တစ်ခါတည်း အသေလှရော (မှန်ပါ့) အသေလှမယ်တဲ့ တစ်ခါတည်း ခန္ဓာကိုယ်နဲ့ ပူဇော်လိုက်ပါ ရိပ်မိပလား (ရိပ်မိပါပြီ ဘုရား)။

ကဲ . . . ဒကာ. . . ဒကာမတို့ ဘယ်နှစ်မျိုး ပေါသတုံး (သုံးမျိုးပါဘုရား)။ သမာဓိပညာ ရိုးရိုးတစ်မျိုး (တင်ပါ့)

သမာဓိပညာ ဒီထက် အလတ်စား မြင့်တက်လာအောင် လုပ်မှု တစ်မျိုး (တင်ပ့ါ) အခုထက် အထက်တန်းကျကျ မဂ္ဂင်ဆိုက်အောင် လုပ်မှုတစ်မျိုး (တင်ပ့ါ)။

အဲဒီလို လုပ်လိုက်လို့ရှိရင်ဖြင့် ခင်ဗျားတို့ ဖိတ်စာလဲ လှ ဟုတ်လား၊ ဓါတ်တော်လဲကျဆိုတော့ ဘယ်လောက် အဖိုး တန်သလဲ (တန်ပါတယ်ဘုရား)။

## ဖိတ်စာလည်းလှ ဓာတ်တော်လည်း ကျ

ဖိတ်စာလဲလှ ဓာတ်တော်လဲကျ ဆိုတော့ကွာ မောင်ထွန်းလှိုင် ဘာပြောစရာ ရှိမလဲ။ အခုတော့ ဖိတ်စာ လှတာက ခင်ဗျားတို့ ရေးဖို့သာ လှရတာကိုးဗျ။

ဘုန်းကြီးတွေကျတော့ ပျံလွန်တော်မူတယ်။ မယ်တော် ခမည်းတော်တွေကျတော့ နတ်ရွာစံတယ်။ အလကားရေးတာ ဒီဥစ္စာ ရိပ်မိပလား (ရိပ်မိပါပြီ) အလကား ရေးတာ ဒီဥစ္စာ လှအောင် ရေးတာပါ။

တကယ်လှချင်လို့ရှိရင်ဖြင့် ခုနပြောခဲ့တဲ့ ပညာနဲ့ သမာဓိကို မဂ္ဂင်ဆိုက်အောင်သာ လုပ်ပစ်လိုက် (မှန်ပ့ါ) အဲဒါဖြင့် သူများက မပြောလည်း လှနေတာပဲမဟုတ်လား။ သူများက မပြောလဲ ဓာတ်တော်ကကျနေတာပဲ (မှန်ပ့ါဘုရား)။

ဒီလမ်းသည်ကားလို့ ဆိုလို့ရှိရင်ဖြင့် အနေလဲ ကောင်းတဲ့လမ်း ဖြစ်သောကြောင့် ဒီထက်ကောင်းတဲ့လမ်း ဟာဖြင့်ရှိသေးရဲ့လား (မရှိပါဘူးဘုရား)။

ဒီလမ်းဟာ ခုနပုံနဲ့ သေနိုင်လို့ရှိရင်ဖြင့် ဒီပုဂ္ဂိုလ် ဘယ်ကြွပါလိမ့်လို့ မေးမနေနဲ့ ဘယ်မှမကြွဘူး။ ဘယ်ဘုံ ဘယ်ဌာနမှ မကြွဘူး၊ **ဘုံဌာနတွေကြွရင် မသာဖြစ်ဦးမှာကိုး** (တင်ပါ့)။

ဘယ်မှမကြွဘူး။ ကြွသေးရဲ့လား (မကြွပါဘုရား) ဒုက္ခတွေ ဟူသရွေ့ အသေဇာတ်လမ်းသိမ်းလို့ ငြိမ်းသွားတယ်သာ ဆုံးဖြတ်ချက်ချ၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

## သမာဓိမဂ္ဂင်၊ ပညာမဂ္ဂင်ဖြစ်အောင်လုပ်

ကိုင်း - ဒကာ ဒကာမတို့ ဘာလုပ်ရမလဲဆိုတော့ သမာဓိမဂ္ဂင် ပညာမဂ္ဂင်ဖြစ်အောင်လုပ်ဖို့ အရေးကို လုပ်လိုက်ကြစမ်းပါလို့ ဒီနေ့အတော်ပြောရတယ်။

ဒါဖြင့် ခင်ဗျားတို့ ပထမတော့ဖြင့် မျက်လုံးက ဥပေက္ခာဝေဒနာပေါ်တယ် နားမှာ (ဥပေက္ခာဝေဒနာပေါ်ပါတယ်) နှာခေါင်းမှာ (ဥပေက္ခာဝေဒနာ ပေါ်တယ်) လျှာမှာ (ဥပေက္ခာဝေဒနာ ပေါ်ပါတယ်) ကိုယ်ပေါ်မှာ (သုခ၊ ဒုက္ခဝေဒနာပေါ်ပါတယ်) သုခ၊ ဒုက္ခ။ ရှင်းပလား (ရှင်းပါပြီ) ဟဒယဝတ္ထုပေါ်မှာ (သုခ၊ ဒုက္ခ၊ ဥပေက္ခာ ပေါ်ပါတယ်)။

အဲဒါပေါ်တဲ့အခါ ရှေးဦးစွာ သမာဓိကလဲ ညံ့တယ်၊ ပညာကလဲ ညံ့တယ်ဆိုရင် ပေါ်တိုင်း မောင်ထွန်းလှိုင် မတွေ့ဘူး (မှန်ပါ့) မတွေ့ပဲနဲ့ သမာဓိ၊ ပညာကညံ့နေတယ် နောက်ကျတော့ တက်လိုက်ပါ။ မပေါ်ပေမယ့် ပေါ်အောင် အမိဖမ်းမဟလို့ ဣန္ဒြေထိုက်အောင် လုပ်လိုက်ပါ။ အားတက်ပေးလိုက်ဆိုတာပါပဲ (မှန်ပါ့)။

## ဖြစ်ပျက်သာမြင်အောင်ကြည့်

အဲဒီကဲ့သို့ အားစိုက်ပေးလိုက်တဲ့ အခါကျတော့ ဘယ်ဟာ ပေါ်ပေါ် မိလာပြီ (မှန်ပါ့) မျက်လုံးပေါ်လဲ မိပြီ။ ဝေဒနာလား? ဖြစ်ပျက်လား မေးလိုက်ရင် ဖြစ်ပျက်ပဲ တွေ့ရမှာပဲ။

ဘာကြောင့်လဲ ဝေဒနာပေါ်ပြီး ချုပ်သွားတယ်၊ နောက် မနောဒွါရဝတ္ထုလဲ ဖြစ်ပျက်သာမြင်တော့တယ်၊ ဖြစ်ပြီး ပျက်သွားတာ သာမြင်တော့တယ်။ သဘောကျပလား (ကျပါပြီ ဘုရား)။

အဲဒီလို နေရာတိုင်း မိပြီဆိုမှဖြင့် အားလုံး ဒကာ ဒကာမ တွေ မလျှော့နဲ့တော့ ဣန္ဒြေထိုက်လာပြီ တစ်ဆင့်တက်ဖို့ပဲ ကျန် တော့တယ်နော်။

တစ်ဆင့်တက်ဖို့ ကျန်တော့တယ်၊ တစ်ဆင့် တက်ဖို့ ကျန်တော့ နေရာတိုင်းမှာ မိလာပြီဘုရား၊ ဝေဒနာတွေ ပျက်တိုင်း

ပျက်တိုင်း မိပြီဘုရား၊ ဘယ်နေရာပေါ်ပေါ် တပည့်တော်တို့ ဉာဏ်က အုပ်မိပြီဘုရား (မှန်ပါ့)။

## မလျှော့နဲ့တော့ ဣန္ဒြေထိုက်လာပြီ

ဒီလိုဆိုရင်ဖြင့် မောင်မြင့်တို့ မလျှော့နဲ့တော့ ဣန္ဒြေထိုက်လာပြီ ရင့်လာပြီ (မှန်ပါ့) ပါရမီ ခုနနဲ့ တူသေးရဲ့လား (မတူတော့ပါဘုရား) မတူတော့ဘူး ပါရမီရင့်လာပြီ (မှန်ပါ့)။

ဘုရားက ဒါကို ပါရမီဆိုတော့ ဟော့ မင်းတို့က တစ်ဘဝက၊ တစ်ဘဝကို ပါရမီ လုပ်နေလို့ ခက်နေတာ ရိုးရိုးကနေ ဣန္ဒြေထိုက် ဣန္ဒြေကနေ မဂ္ဂင်ထိုက်၊ ဒါကို ပါရမီဆိုတာ (မှန်ပါ့ဘုရား)။

## ပါရမီရဲ့ အဓိပ္ပာယ်

ဒါကြောင့် ပါရမီကိုလဲ ဒေါ်အုန်းခင်ကြီးတို့ ရှင်းပလား (ရှင်း ပါပြီ)။ ရိုးရိုးသမာဓိပညာက ဣန္ဒြေထိုက်တဲ့ သမာဓိပညာ။

ဒီထက်တစ်ခါ ရင့်လာလို့ရှိရင် မဂ္ဂင်ထိုက်တဲ့ သမာဓိ ပညာဆိုတော့ သူတို့ဟာသူတို့ အဆင့်ဆင့်ရင့်မသွားဘူးလား (ရင့်သွားပါတယ်) အဲဒါကို ပါရမီဆိုတာပဲ (မှန်လှပါဘုရား)။

ပါရမီရဲ့ အဓိပ္ပါယ်က နိဗ္ဗာန်ဟူသော ကမ်းတစ်ဘက်ကို သွားတတ်တယ် (ဝါ) ရောက်တတ်တယ် (မှန်ပါ့) နိဗ္ဗာန်ရောက် အောင် သွားတာ ပါရမီပဲ (မှန်ပါ့)။

နိဗ္ဗာန်ရောက်အောင် သွားတာ ပါရမီပဲဆိုတော့ မင်းတို့ တတိယမဂ္ဂင်ဆိုက်လာတာဆိုတဲ့ အခါကျတော့ သူမသွား ဘူးလား သွားမလား (သွားပါတယ်) နိဗ္ဗာန်အာရုံ ပြုသွားပြီ မရောက်သေးဘူးလား (ရောက်သွားပါတယ်ဘုရား)။

## တစ်ဆင့်ထက်တစ်ဆင့်ရင့်လာတာပါရမီ

အဲဒါ ဘယ်က တက်လာသတုံးဆိုတော့ သမာဓိပညာ ရိုးရိုးက ဣန္ဒြေတက်လာခဲ့တာ။ ဣန္ဒြေက တစ်ဆင့်တက်ပြီး မဂ္ဂင်တက် လာတာ၊ နောက်ထပ် တက်လာတာ (မှန်ပါ့) အဲဒါ ကြည့်စမ်း တစ်ဆင့်ထက် တစ်ဆင့်တိုးတက်လို့ ရင့်လာတာ မဟုတ်လား (ဟုတ်ပါတယ်)။

အဲဒီလို ရင့်လာတာ ဘာခေါ်ကြမယ် (ပါရမီခေါ်ပါတယ် ဘုရား)။ အဲ. . . ပါရမီဆိုတာ ဒါကိုခေါ်တယ် (မှန်ပါ့) ပါရမီ ရင့်လာပြီလို့ သုံးတဲ့အခါလည်း သုံးရတယ်။

ခင်ဗျားတို့ ပါရမီရင့်လာတယ် ဆိုတဲ့ဥစ္စာက တစ်ဘဝ ထက် တစ်ဘဝ ရင့်လာတယ်လို့ **ဘုရားတို့၏ နမူနာထားပြီး ခင်ဗျားတို့က ပြောတာ** (မှန်ပါ့) **စင်စစ်မဟုတ်ဘူး**။ အဲဒါ လုပ်စထက် အခုရင့်လာတာ အခုထက်နောက်ကို ကြိုးစား လိုက်ရင် ပိုရင့်လာတာ အဲဒါ ဘာခေါ်ကြမယ် (ပါရမီပါဘုရား)။

## ပါရမီဆိုတာ တစ်ဘဝတည်းကိုဆိုတာ

ပါရမီဟာ တစ်ဘဝတည်းကို ဆိုလိုက်တာ ရိပ်မိပလား (ရိပ်မိပါပြီ) ဒါဖြင့် ဒကာဒကာမတွေ အခုစပြီးအားထုတ်တာထက် အတော်ခရီးကော ပေါက်မလာဘူးလား (လာပါတယ်ဘုရား) နောက်တစ်ခါကြိုးစားလိုက်ရမယ် (မှန်ပါ့) ဒီ့ထက်ကြိုးစားလို့ ဒီထက်ပေါက်လို့ရှိရင် သမ္မာမဂ္ဂင်လမ်းဆိုတော့ နန္ဒိယလမ်း သေချာပြီ (မှန်ပါ့) နန္ဒိယလမ်း မရောက်သေးဘူးလား၊ ရောက်ပါပြီ ဘာပြုလို့ ရောက်နိုင်တာတုံးဆိုတာ ဒကာသိုက်ရိပ်မိပလား (ရိပ်မိပါပြီ) အေး. . . သမာဓိ ရင့်လို့။

## အားထုတ်မှုပေါ် မူတည်တယ်

ဒကာ ဒကာမတို့ သမာဓိရင့်လာလို့ဆိုတာ မှတ်လိုက်စမ်းပါ။ အားထုတ်မှုပေါ်မှာ မူတည်နေတယ် (မှန်ပါ့) ပထမအားထုတ်စက နုတယ်၊ နောက်ထပ်အားထုတ်မှုက (ရင့်လာပါတယ်) နောက် ဒီထက်အစွမ်းကုန် အားထုတ်လိုက်တော့ ဒီထက် ရင့်ရင့်လာရင် ကိစ္စပြီးတာပဲ (မှန်ပါ့ဘုရား)။

အဲ. . . ကျုပ်တော့ ဖြစ်မထင်ပါဘူး၊ စမ်းစမ်းတော့ ကြည့်တာပဲ ဖြစ်မထင်ပါဘူး ဆိုတော့ ပထမ ပါရမီလဲ မရှိဘူး။ ဒုတိယ ဣန္ဒြေ ထိုက်တဲ့ပါရမီ ဖြစ်နိုင်သေးရဲ့လား (မဖြစ်နိုင်တော့ပါဘုရား) တတိယ မဂ္ဂင်ဆိုက်တာကျတော့ ဝေးပြီ၊ ဒီလို မနေဘူးလား (နေပါတယ်)။

အဲဒီတော့ ဒကာ ဒကာမတို့က လုပ်တော့ လုပ်စမ်းကြည့် တယ်။ ဝေဒနာတွေ ဖမ်းဖမ်းကြည့်တယ်၊ သူ့ကို ကောင်းကောင်းမတွေ့ဘူး၊ မတွေ့တော့ ကျုပ်ပါရမီညံ့လို့ ထင်ပါရဲ့တဲ့။ သူ့မှာ မလုပ်ရသေးဘူး။ ပါရမီကို မစရသေးဘူး။ နင်းကန်ပြောနေတာ ရိပ်မိပလား (ရိပ်မိပါပြီဘုရား) ပါရမီစရပြီလား (မစရသေးပါဘုရား)။

ပါရမီ မစရသေးခင်က ညံ့နေတယ်ဆိုတော့ ဒေါ်အုန်းခင် ဒီလိုပုဂ္ဂိုလ်ကို ဘယ်လိုလုပ်ပြီး ဟောမလဲ (မှန်ပါ့) သူ့အတွက် ဒကာစိန် ဘယ်လိုရမှာလဲ (မဟောဘဲ ပစ်ထားတာ အေးပါတယ်ဘုရား) [ရယ်ကြသည်]။

## သာဝကမှာ ပါရမီလို့ မဟောဘူး

ကိုင်း . . . ဒကာ ဒကာမတို့ ပါရမီဆိုတာသည် မိမိစ,လုပ် တာသည် ပါရမီစ,တွေ့တာပဲ (မှန်ပါ့) ဒုတိယ မြင်ထင်လာတာသည် ပါရမီအလတ်စား ဖြစ်လာတာပဲ (မှန်ပါ့)၊ တတိယ အစွမ်းကုန် ဒုက္ခ ပိုင်းခြားနိုင်တယ် ဆိုရင်ဖြင့် ပါရမီရင့်ပြီ (မှန်ပါ့)။ ကဲ. . . ဒေါ်အုန်းခင်ကြီး ပါရမီအကြောင်း ရှင်းပလား (ရှင်းပါပြီ) ဒကာသိုက်ကော (ရှင်းပါပြီ)။

ပါရမီရိုးရိုးသည်ကား ဆိုလို့ရှိရင် ခင်ဗျားတို့ ဘာမှ မလိုဘူး သာဝကမှာ၊ ပါရမီလို့ကို မဟောဘူး။ သာဝကမှာဖြင့်

ဘယ်နှစ်သင်္ချေ ဘယ်တစ်သင်္ချေလို့ကို မပြောဘူး။ အခု အလုပ်ပေါ်မှာ မူတည်တာပဲ ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

အဲဒီတော့ ခင်ဗျားတို့ အခုဒီဘဝနိဗ္ဗာန် သွားချင်တယ်ဆိုရင်ဖြင့် အခု အလုပ်လုပ်ပါ၊ ခင်ဗျားတို့ တစ်ဆင့်ထက်တစ်ဆင့် တက်အောင်လုပ်၊ ဒါပါရမီပဲ။ သဘောကျပလား (ကျပါပြီ) အတိတ် တွေ ဘာတွေဆောင်နေဖို့ မလိုပါဘူး (မှန်ပါ့) အတိတ်တွေ ဘာတွေဆောင်နေဖို့ မလိုဘူးဆိုတာ မှတ်ထားကြပါ။ အခုလုပ် အခု ရတယ်ဆိုတာ ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

## အခုလုပ်ရင်အခုရတယ်

အဲဒီတော့ အခုလုပ် အခုရတယ်ဆိုတာ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟောရှာသားပဲ၊ "အကာလိကောဟေ့" လို့ မလာဘူးလား (လာပါတယ်ဘုရား) အကာလိကော အခုလုပ်ရင် အခု အကျိုးပေး၏တဲ့ အကာလိကော သဘောကျပလား (ကျပါပြီဘုရား) ဘာတဲ့တုံး (အခုလုပ်ရင် အခုအကျိုးပေးပါတယ်ဘုရား)။

ဒါ ဖြည်းဖြည်းမှ ယူရမယ်လို့ ဆိုချင်သေးလား (မဆိုချင်ပါဘူးဘုရား) မဆိုချင်လို့ရှိရင်ဖြင့် အကာလိကောလို့ ဘုရားက ဟောပါရက်သားနဲ့၊ အခုလုပ်ရင် အခုရတယ် ဟောပါရက်သားနဲ့

ခင်ဗျားတို့ အကာလိက ဖြစ်တဲ့ တရားဂုဏ်တော်ကြီးက တရား အားထုတ်နေကြဲပုဂ္ဂိုလ်တွေဟာ တရားအတိုင်း အကျိုးပေးမယ် (မှန်ပ့ါ)။

အကာလိကောဆိုတာ တရားဂုဏ်တော်ကြီးထဲက မဟုတ်လား (ဟုတ်ပါတယ်) အဲတော့ အခါမလင့် အကျိုးပေး တယ်ဆိုတာ အခုလုပ် အခုရတယ်လို့ မပြောဘူးလား (ပြောပါ တယ်)။

## ရေနစ်နေတဲ့အထဲတုံးထိုးပေးနေတာ

ခင်ဗျားတို့က ရေနစ်နေရတဲ့အထဲ ဘုန်းကြီးက တုံး ထိုးပေးနေတယ်။ မမြုပ်နိုင်တဲ့တုံးကြီး (မှန်ပ့ါ) ခင်ဗျားတို့က ဖြည်းဖြည်းမှ ပို့ပါဘုရားတဲ့ ရိပ်မိပလား (ရိပ်မိပါပြီ)။ ရေက နစ်နေတဲ့အထဲ တုံးထိုးပေးလိုက်တော့ ဒေါ်အုန်းခင်ကြီးတို့က ဖြည်းဖြည်းမှပို့ပါဘုရားလို့ ရေထဲက ပြောနေရင် ဒီပုဂ္ဂိုလ်ထက် ရူးတာ မိုက်တာကော (မရှိပါ ဘုရား)။

ဒီက နစ်လုနေလို့ တုံးထိုးပေးတာ ခင်ဗျားတို့က ဘယ်လို ပြောသတုံး (ဖြည်းဖြည်းမှပို့ပါဘုရား) ဖြည်းဖြည်းပေးပါ ဘာဖြစ် လို့တုံး (သေချင်လို့ပါဘုရား) သေချင်သေးလို့ (မှန်ပ့ါ)။

ဒီမှာလဲ ဒကာ ဒကာမတွေ မလုပ်လို့ရှိရင် ဘယ့်နှယ် ဆိုကြ မယ် (မြုပ်ချင်သေးလို့ပါဘုရား) အေး. . . မြုပ်ချင်သေးလို့

ပြောချင်သေးလို့ မဆိုထိုက်ဘူးလား (ဆိုထိုက်ပါတယ်ဘုရား) ကဲ . . . ဒကာ ဒကာမတို့ ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

## မဂ္ဂင်ဖောင်ပေါ် အမြန်တက်ပါ

ခင်ဗျားတို့ သံသရာပင်လယ်ထဲမှာ မြုပ်လုမြုပ်ခင်နေတာ (မှန်ပါ့) ဒီသံသရာကြီးထဲမှာ မြုပ်လုမြုပ်ခင် နေကြတာ အဲဒီအထဲမှ ဘုန်းကြီးက မဂ္ဂင်ဖောင်ကြီး၊ မဂ္ဂင်တုံးကြီး ထိုးပေးနေတဲ့ ပုဂ္ဂိုလ် မှန်လို့ရှိရင် မြန်မြန်တက်ဖို့ မကောင်းဘူးလား (ကောင်းပါတယ် ဘုရား)။

မြန်မြန်ထက်ထက် ကောင်းတာကို ခင်ဗျားတို့က ပါးစပ်က ပြောလိုက်သေးတယ်၊ တစ်စ တစ်စ လုပ်ရမှာပဲ (တင်ပါ့) တုံးထိုးပေးနေတဲ့ဥစ္စာ ဘာတုံး (အရင်စလို လုပ်ရမှာ ပါ) ခင်ဗျားတို့က ကပ်ကပ်သပ်သပ် ဥပမာကြီး ထုတ်ထားတယ် လို့ အောက်မေ့မနေနဲ့ဦး။ ခင်ဗျားတို့ ဖြစ်စဉ်က ဒီထက်ဆိုးတယ်။ ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ခင်ဗျားတို့က ဖြစ်စဉ်က ဒီထက်ဆိုးတယ် မဟုတ်လား ဒေါ်ရွှေက (ဆိုးပါတယ်ဘုရား) ရိပ်မိပလား (ရိပ်မိပါပြီ)။

ဒါဖြင့် ကြိုးစားတာပဲ ဖြစ်ကို မဖြစ်သေးဘူး၊ ဟာ. . . မဖြစ် ဖြစ်အောင် ကြိုးစားရမယ်။ ဘာလုပ်နေတုံးမေးရလိမ့်မယ်။ ဟုတ်လား (မှန်ပါ့) မဖြစ်ဖြစ်တဲ့နည်းနဲ့ နေပြီလား မေးပါ (မှန်ပါ့)။

လာမေးရင် ဒီက ဘယ်လို ဘယ်လိုလုပ် ဘယ်လိုကိုင် ဆိုရင် ဖြစ်ရမှာပဲ။ ဖြစ်ရမှာပေါ့ ရိပ်မိပလား (ရိပ်မိပါပြီ) ဒါဖြင့် ဒကာ ဒကာမတို့ ဒီနေ့ ခရီးသည်ကားဆိုရင် အလွန်လွယ်ကူတဲ့ ခရီးဆိုတာ သဘောကျပလား (ကျပါပြီ)။

## နိဗ္ဗာန်မှတစ်ပါးဘယ်မှမသွား

အဲဒါကြောင့် **'နိဗ္ဗာနံ ဂစ္ဆတီတိ မဂ္ဂေါ'** မဂ္ဂေါ-မဂ္ဂသစ္စာသည်။ နိဗ္ဗာနံ - နိဗ္ဗာန်သို့။ ဂစ္ဆတီတိ - သွားတတ်၏။

ခင်ဗျားတို့ သမာဓိမဂ္ဂင်၊ ပညာမဂ္ဂင်သာဖြစ်မယ်ဆိုရင် နိဗ္ဗာန်မှတစ်ပါး ဘယ်မှမသွားဘူး၊ ဒကာသိုက် ဘယ်လောက် အဖိုးတန်သလဲ (မှန်ပါ့) အဲဒီတော့ သမာဓိမဂ္ဂင်၊ ပညာမဂ္ဂင် ဖြစ်အောင် ဒကာဒကာမတို့က သမာဓိ ရိုးရိုးက ဒီထက် သမာဓိ ကြီးအောင်လုပ် (မှန်ပါ့) ဒီထက်ပိုပြီး ဒီထက်ကြီးအောင် ခင်ဗျားတို့က ကြိုးစားလိုက်မယ် ဆိုလို့ရှိရင်ဖြင့် မရဘူးလား (ရပါတယ်ဘုရား)။

အဲဒီတော့ ဆင်ကလေး မ,သလိုသာ မ,ပါတဲ့ (မှန်ပါ့) ငယ်ငယ်တုန်းက မ,လာတာ ဥပမာမယ် ဆင်က ခွက် (၃၀)ရှိတဲ့ ဆင်ကလေး ဟုတ်လား၊ တော်တော်ကြာ နေ့တိုင်း ကျင့်သား ရလာတဲ့အခါ ခွက် (၅၀) ရှိလာလဲ မ, နိုင်မှာပဲ မဟုတ်ဘူးလား (မှန်ပါ့) ခွက် (၁၀၀) ရှိတော့လဲ မ,နိုင်မှာပဲ (မှန်ပါ့)။

ဘာတုံးဆိုတော့ ကျင့်သားက တဖြည်းဖြည်း ရှေ့တိုးတိုးသွားတာ အလေးချိန် ဘယ်လောက်တိုးတိုး မ,နိုင်တာပဲ (မှန်ပ့ါ)။

<u>မှတ်ချက်</u> (ခွက် ၁၀ = ၁၀ ပိဿာ)။

## သမာဓိ၊ ပညာရင့်အောင်သာလုပ်ပါ

ဒီမှာလဲ ခင်ဗျားတို့ သမာဓိ ပညာကို အစကသာ တည်ဆောင် (မှန်ပ့ါ) တည်ထောင်ပြီး ရင့်အောင်သာလုပ်။ ရင့်အောင်သာ လုပ်လို့ရှိရင်ဖြင့် ခင်ဗျားတို့သည် ခင်ဗျားတို့၏ ခန္ဓာကိုယ်ကြီးဟာ အောက်လမ်း မသွားတော့ဘူး (မှန်ပါ)။ အပေါ်လမ်းကိုသာ သွားမယ်၊ မ,နိုင်တယ် ချီနိုင်တယ် ဆိုတာ ရိပ်မိပလား (ရိပ်မိပါပြီ)။

အဲဒီတော့ ခင်ဗျားတို့ ခန္ဓာကိုယ်ကြီး အောက်လမ်း မသွားချင်ပါဘူး။ အပေါ်လမ်းပဲ တပည့်တော်တို့ ကြိုက်ပါတယ် ဆိုရင် တစ်စ တစ်စ ခုနက အတိုင်းပါပဲ ရှုရှုပြီး တက်ပါ။ ရှုရှုပြီး ဒီနေ့ တစ်နာရီ လုပ်လိုက်၊ နက်ဖြန်ကျ တစ်နာရီခွဲ၊ သန်ဘက်ခါကျရင် နှစ်နာရီလောက် အားထုတ်ပါ။

အဲဒီလို တက်တက် တက်တက် သွားမယ်ဆိုလို့ရှိရင်ဖြင့် ခင်ဗျားတို့ ခန္ဓာကိုယ်ကြီးဟာ ဘုရားသခင် ကိုယ်တော်မြတ်ကြီးများ ကိလေသာ ရန်သူကင်းသွားတယ်ဆိုလို့ရှိရင် သမာဓိနဲ့ ပညာတက်လာတော့ ကွေးတဲ့လက် ဆန့်သလောက်နဲ့ ဗက

ဗြဟ္မာကြီးဆီ ရောက်သွားတယ်။ ကွေးတဲ့လက်ဆန့်သလောက် ကြာတယ် (မှန်ပဲ့)။

ဘယ်လောက်များ သတ္တိထက်တဲ့ မဂ္ဂင်လဲဆိုတာ တွေးဖို့ လိုသေးလား (မလိုပါဘူးဘုရား) အဲဒီတော့ သည်အထက်လမ်း သွားလိုလို့ရှိရင် ဒါလုပ်ကြပါ မဟုတ်ဘူးလား (မှန်ပါဘုရား) ဟာ-တပည့်တော်တို့က နဂိုကိုက အောက်လမ်းသမားတွေထင်ပါရဲ့ ဆိုလို့ရှိရင် မတတ်နိုင်တော့ဘူး။ ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

အဲဒီတော့ 'ရေဝတီ' လမ်းကြိုက်သလား?။ 'နန္ဒိယ' လမ်း ကြိုက်သလား? (နန္ဒိယလမ်း ကြိုက်ပါတယ်ဘုရား)။

'နန္ဒိယ'လမ်းကြိုက်လို့ ရှိရင်ဖြင့် ဒကာ - ဒကာမတို့ ရင့်အောင် လုပ်မှ 'နန္ဒိယ' လမ်းဖြစ်မှာ ရိပ်မိပလား (ရိပ်မိပါပြီ ဘုရား)။

## အကြီးစားရောက်မှ ကိစ္စပြီးမယ်

ဒါဖြင့် ခင်ဗျားတို့ သမာဓိ ရိုးရိုး၊ ပညာ ရိုးရိုး တစ်မျိုး၊ အလတ်စားဖြစ်တဲ့ သမာဓိ၊ ပညာတစ်မျိုး၊ အကြီးစား ဖြစ်တဲ့ သမာဓိ ပညာ တစ်မျိုး (မှန်ပဲ့) အဲဒီ အကြီးစားရောက်မှ ခင်ဗျားတို့ ကိစ္စပြီးမယ်။ သဘောကျပလား (ကျပါပြီဘုရား)။

**ကဲ . . . ကနေ့ ဒီတွင် တော်ကြစို့။**

**သာဓု . . . သာဓု . . . သာဓု။**